ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (10-1-2004)(၄၁၁၁)

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကယားပြည်နယ် အထူးဒေသ(၁)အဖွဲ့ ကြိုဆိုထောက်ခံ မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းဆောင်ရွက်မည်

လက်ခံတွေ့ဆုံ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကယားပြည်နယ် အထူးဒေသ(၁)အဖွဲ့ဥက္ကဋ္ဌ ဦးငွေးကိုနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကယားပြည်နယ် အထူးဒေသ(၁) အဖွဲ့ဥက္ကဋ္ဌ ဦးငွေးကိုနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သတင်းဆောင်းပါး
ကျော်စိန်
ဓာတ်ပုံ–အောင်မိုး

ကြံရာသီအတွက် သကြားစက်များ စတင်လည်ပတ် ရည်မှန်းချက် အပြည့်အဝအောင်မြင်ရန် ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရေ၊ မြေ၊ ရာသီဥတု အခြေအနေများအပေါ် ပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့် စီမံခန့်ခွဲကြီးကြပ်မှုများဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအား အချိန်အခါနှင့်တစ်ပြေးညီ အားထုတ်ဆောင်ရွက်နိုင်ရန် စည်းရုံးစီမံ အကောင်အထည်ဖော်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်းလက်အောက်ရှိ သကြားစက်များသည် **ကြံမှသကြား ပြည့်စီးပွား**ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသကြားဖူလုံရေး၊ ပြည်တွင်းသကြား အခြေခံစက်မှုလုပ်ငန်းများအတွက် သကြားကုန်ကြမ်း ပိုမိုရရှိရေးနှင့် ပိုလျှံသကြားများကို

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

သကြားစက်သို့ ရောက်လာသော ကြံကားများကို အလေးချိန် စစ်ဆေးပြီးနောက် ဝန်ချီစက်များဖြင့် အချိန်မီသယ်ယူ၍ ကြိတ်ဝါးရန် ဆောင်ရွက်ကြရသည်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၀-၁-၂၀၀၄
(စနေနေ့)

နိုင်ငံတော်၏ အကျိုးစီးပွား ဆက်လက်စွမ်းဆောင် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး ပါဝင်ကြိုးပမ်း

မျက်မှောက်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များသည် အထူးပြု ဘာသာရပ်မျိုးကွဲပေါင်းများစွာဖြင့် ဖြန့်ကြက်တိုးပွားလာလျက်ရှိသည်။ ပညာရပ် နယ်ပယ်အသီးသီး၏ တိုးတက်ဖြစ်ထွန်းမှုများသည်လည်း သက်ဆိုင်ရာ ပညာရပ် နယ်ပယ်တွင်သာမက အခြားဖွံ့ဖြိုးတိုးတက်လျက်ရှိသော နယ်ပယ်ကဏ္ဍ အသီးသီးကိုပါ အပြန်အလှန်ဆက်စပ် အကျိုးပြုလျက်ရှိနေကြသည်ကို တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက သိပ္ပံနှင့်နည်းပညာရပ်များ နယ်ပယ် အစုံတွင် ဟန်ချက်ညီညီ ဖြန့်ကြက်တိုးတက် ဖြစ်ထွန်းလာစေရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ မျှော်မှန်းချက်များနှင့်အညီ တက္ကသိုလ်များ၊ ကောလိပ်များကို အဆင့်မြှင့်တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိသည်။

ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်စုစုပေါင်း ၁၅၄ ခုအထိ တိုးတက်ဖြစ်ထွန်း လာလျက်ရှိသည်။ ပညာရပ်ဆိုင်ရာ အနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၊ စီးပွားရေး၊ ပညာရေး၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ သမဝါယမစသည့် ပညာရပ်နယ်ပယ်အလိုက် တက္ကသိုလ်၊ ကောလိပ်များ ဖြစ်ထွန်းလျက်ရှိသည်။ ထို့အပြင် ကျန်းမာရေး ကဏ္ဍရှိ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ်စသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ တက္ကသိုလ်နှင့် ကောလိပ်များကိုပါ ဖြန့်ကြက်ထူထောင်ထားနိုင်ခဲ့ပြီဖြစ်သည်။

ပညာရပ်နယ်ပယ်အသီးသီးတွင် အဆင့်မြင့်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်နှင့် ကောလိပ်များ၏ ပုံမှန်သင်တန်းများတွင် ပညာရပ်အသီးသီးအပြင် ပညာရပ်ခွဲများတွင်ပါ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားကို ဇန်နဝါရီလ ၈ ရက်နေ့က ရန်ကုန်မြို့ရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုခံ ပါရဂူဘွဲ့ရ ပညာရှင်များအား အမှာစကားပြောကြားရာတွင် **ပါရဂူဘွဲ့ရ ပညာရှင်များကလည်း မိမိတို့၏အရည်အသွေးမြင့်မားသော ပညာရပ်ဆိုင်ရာ စွမ်းအားကို ပိုမိုတိုးတက်မြင့်မားသည်ထက် မြင့်မားစေရအောင်၊ မိမိတို့ကဲ့သို့သော ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးပွားပေါ်ထွန်းနေစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြရန်နှင့် မိမိတို့ ကျွမ်းကျင်ရာပညာရပ်ဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆက်လက်ဖော်ဆောင်ပေးကြပါ** ဟူ၍မှာကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အတွင်း အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည့် ပါရဂူဘွဲ့ရ ၃၆၄ ဦးကို ပြုစုပျိုးထောင်မွေးထုတ် ပေးနိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နေဆဲ ပညာရှင်များအနေဖြင့် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များတွင် ၂၆၀၀ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန တက္ကသိုလ်များတွင် ၁၈၀နီးပါးနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်များတွင် ၄၇၀ခန့် စုစုပေါင်း ၃၂၅၀ ကျော်ရှိသည်။ နိုင်ငံတော်အတွက် မကြာမီသောကာလတွင် ပါရဂူဘွဲ့ရပညာရှင်များ ထပ်မံတိုးပွား ပေါ်ထွန်းလာဦးမည်ဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းလက်တွဲ ထိန်းသိမ်းမြှင့်တင်နေသော အချိန်အခါဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တစ်မျိုးသားလုံး လျှောက်လှမ်းကြမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သည်။

သို့ဖြစ်ရာ ပါရဂူဘွဲ့ရ ပညာရှင်များအနေဖြင့် မိမိတို့ ကျွမ်းကျင်ရာ ပညာရပ်များဖြင့် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏ အကျိုးစီးပွားကို ဆက်လက်စွမ်းဆောင် ကြိုးပမ်းရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည် ပေါ်လာစေရေး ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပထဝီဆိုင်ရာသတင်းအချက်အလက်စနစ်နှင့် အဝေးမှ စူးစမ်းလေ့လာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

Myanmar INGR Trading Co., Ltd (Myanmar Intergraph)က ဦးစီးကျင်းပသော ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ်နှင့် အဝေးမှ စူးစမ်းလေ့လာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ e-National Task Force ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင်၊ e-National Task Force ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရှင်များ၊ Myanmar Intergraph မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ e-National Task Force ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Myanmar Intergraph မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က GIS နှင့် Remote Sensing နည်းပညာဆိုင်ရာ နောက်ဆုံးပေါ် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ Image Map Australia Pty., Ltd. မှ Technical Consulting Manager, Mr. Eduard D. Bitao က "Land Intergrated Solutions in an Internet Era" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ လက်ထောက်ဌာနမှူး ဒေါ်တင်တင်ပြုံးက "GIS Applications in YCDC" စာတမ်းကိုလည်းကောင်း၊ Intaragrafik Systems Malaysia မှ Senior Application Specialist, Mr. Desmond Pansiul က "Geo Media Upgrades and Updates Part-1" စာတမ်းကိုလည်းကောင်း၊ Myanmar Intergraph မှ Application Support Manager ဦးဝင်းကိုကိုနှင့် မန္တလေးတက္ကသိုလ်မှ လက်ထောက်ကထိက ဦးသက်တင်ထွန်းတို့က "GIS Education in Myanmar" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲ ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့ အစီအစဉ်ကို ဇန်နဝါရီ ၉ ရက်တွင် ဆက်လက် ကျင်းပသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၉ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာစဉ်။

(သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စင်ကာပူအသင်း(မြန်မာ)တို့၏ ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် Singapore Association in Myanmar(SAM) ၏ (၉)ကြိမ်မြောက် ရန်ပုံငွေ ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဒူးဆစ်အင်းလျားလိတ်ဟိုတယ် မြက်ခင်းပြင်၌ ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီမှ ညနေ ၃နာရီအတွင်း ကျင်းပမည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ကုမ္ပဏီများ၊ ရန်ကုန်မြို့ဟိုတယ်ကြီးများက စားသောက်ဖွယ်ရာများ၊ လူသုံး၊ အိမ်သုံးနှင့် အမှတ်တရပစ္စည်းများကို ဆိုင်ခန်းများဖွင့်လှစ်ပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်။ တေးဂီတ ဖျော်ဖြေပွဲများ၊ ပျော်ရွှင်ဖွယ်ရာ ကစားပွဲများ၊ ကံစမ်းမဲများ အစီအစဉ်များလည်း ပါဝင်သည်။ ဈေးရောင်းပွဲတော်မှ ရရှိသော အမြတ်ငွေကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြားပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းပေးအပ်မည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်၍ ပါဝင်ဆင်နွှဲနိုင်သည်။

(သတင်းစဉ်)

မဟာသတင်းဂျာနယ် အတွဲ(၂)အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၉

မဟာသတင်းဂျာနယ် အတွဲ(၂) အမှတ်(၁၉)**(အပေါ်ပုံ)**ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ ယခုအပတ် မဟာသတင်းဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရ လူ့ဘဝ(၅၂)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ အောင်ဝိုင်း၊ ဆူဒိုနင်၊ မြတ်ခိုင်၊ ဇင်ဝိုင်းတို့၏ ဆောင်းပါးများနှင့်အတူ မြတ်ခိုင်၏ မေးခွန်းတစ်ထောင်၊ အင်္ဂါစကားဝိုင်း (၁၈)တို့ပါဝင်သည်။

မဟာဂျာနယ်တွင် အပတ်စဉ် ပါနေကျ ပရိသတ်အကြိုက် 3D လက်ဆောင်နှင့်အတူ ပြည်တွင်း အနုပညာသတင်းများ၊ ပြည်ပအားကစားသတင်းများ စုံလင်စွာ ပါဝင်ကြောင်း သိရသည်။

(က-ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့အနီး စက်ပစ်ကွင်း၌ မတော်တဆမှုဖြစ်၍ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၈

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့အနီး သေနတ်ပစ်လေ့ကျင့်ရာ စက်ပစ်ကွင်းတွင် မတော်တဆမှု ဖြစ်ပွားခဲ့သည့်အတွက် ဗြိတိသျှစစ်တပ်မှ စကော့လူမျိုး တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ကာကွယ်ရေးဌာန၏ အဆိုအရ သိရသည်။

ဗြိတိန်တပ်ဖွဲ့ဝင် ဆွေမျိုးသားချင်းများကို အကြောင်းမကြားရသေးသောကြောင့် ၎င်း၏အမည်ကို ထုတ်ဖော်ကြေညာခြင်းမရှိသေးဟု ဆိုသည်။

အသိပေးပြောကြား

ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသည် ဘာဆရာမြို့အနီးရှိ စက်ပစ်ကွင်း၌ဖြစ်ပွားသော မတော်တဆမှုကြောင့် သေဆုံးသွားရသည်ကို အတည်ပြုရသဖြင့် ဝမ်းနည်းပါကြောင်း၊ အမှုကို စုံစမ်းနေဆဲဖြစ်ကြောင်း အသိပေးပြောကြားသွားသည်။

ယခုသေဆုံးမှုပါ ထည့်ပေါင်းလျှင် အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးမှု စုစုပေါင်းမှာ၅၆ဦး ရှိသွားပြီ ဖြစ်သည်။

နှစ်သစ်ကူးနေ့ နံနက်စောစောပိုင်းက ဘဂ္ဂဒက်မြို့တွင် ဗြိတိသျှ အက်စ်အေအက်စ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး ယာဉ်တိုက်မှုဖြင့် သေဆုံးခဲ့ရပြီးနောက်ပိုင်း ယခုအဖြစ်အပျက်သည် ပထမဆုံး ထပ်မံသေဆုံးရသော အဖြစ်အပျက်ဖြစ်သည်ဟုဆိုသည်။

စစ်ဆင်ရေး ပြုလုပ်

နိုဝင်ဘာလအတွင်းက ဗြိတိန်ဘုရင့်မရိန်းတပ်မှ တပ်ကြပ်အိုင်ရင်ပလန့်သည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အတူပူးပေါင်းပြီး အထူးစစ်ဆင်ရေးတစ်ရပ် ပြုလုပ်စဉ်က သေဆုံးသွားခဲ့ရသည်။

ဩဂုတ်လအတွင်းက ဘုရင့်စကော့ဆော်ဒါရာတပ်နှင့် အမှတ်(၅၂)လိုင်းလင်းဒ်ဘရီးဂိတ်တပ်တို့သည် ယာဉ်တန်းဖြင့်သွားနေစဉ် အဓိက အဝေးပြေးလမ်းမကြီးမှ မျှား၍ အခေါ်ခံရပြီး ချုံခိုတိုက်ခိုက်မှုနှင့် ကြုံခဲ့ရသည်။ ထိုစဉ်က ဂိုဗန်ဒေသမှ ဗြိတိန်တပ်ဖွဲ့ဝင် ရာဆဲလ်ဘိစ်တန် သေဆုံးသွားခဲ့သည်။

တိုက်ခိုက်ခံရ

ထိုတစ်လတည်းမှာပင် ဘာဆရာမြို့၌ ဗြိတိန်တပ်ကြပ် ဒီစီပင်ချဒ်ဆိုသူမှာ ချုံခိုတိုက်ခိုက်ခံရသဖြင့် သေဆုံးသွားခဲ့ရသည်။ ၎င်းမှာ ဝေလနယ်တောင်ပိုင်း ဘရစ်ဂျန်မှဖြစ်သည်။ အသက် ၃၂နှစ်အရွယ်ရှိ တပ်သား ဂျာဆင်စမစ်မှာ အီရတ်နိုင်ငံတောင်ပိုင်းတွင် ဩဂုတ်လ ၁၃ ရက်က သေဆုံးသွားသည်။ ၎င်းမှာ ဂါလာရှယ်လ်အရပ်မှဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်းကလည်း ဘာဆရာမြို့တွင် ဗြိတိန်တပ်ဖွဲ့ဝင်တို့လိုက်ပါလာသောယာဉ်ကို ချုံခိုတိုက်ခိုက်ခံရသဖြင့် စစ်ရဲသုံးဦး သေဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက်မတိုင်မီနှစ်လက ဘာဆရာမြို့၏မြောက်ဘက် မိုင် ၁၂၀ အကွာရှိ မာဂျာဒေသတွင် လက်နက်ကိုင် လူတစ်စုက ပစ်ခတ်ခဲ့သည့်အတွက် ဗြိတိသျှစစ်ရဲ ခြောက်ဦးသေဆုံးခဲ့ရသေးသည်။

စုစုပေါင်း ၅၆ဦးရှိ

ယခုနောက်ဆုံး အခြေအနေအထိ အီရတ်နိုင်ငံတွင် အသက်ဆုံးရှုံးခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၅၆ ဦး ရှိသွားပြီဖြစ်သည်။ ယင်းအနက် ၂၂ဦးမှာ မေလ ၁ ရက်တွင် အမေရိကန်သမ္မတဘုရှ်က အီရတ်၌ စစ်ပွဲများ ပြီးသွားပြီဟု ကြေညာခဲ့ပြီးနောက်မှ သေဆုံးကြရသူများဖြစ်သည်။ ၎င်းတို့အနက် ၁၂ ဦးမှာ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ ဘာဆရာမြို့၏ ဆင်ခြေဖုံးဒေသတွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့ပစ်သတ်၍ အီရတ်အရပ်သားနှစ်ဦးသေဆုံး ဒေါသထွက်နေကြသည့် အီရတ်နိုင်ငံသားများ ဘာကူဘာမြို့လယ်၌ စုရုံးဆန္ဒပြ

ဘာကူဘာ(အီရတ်) ဇန်နဝါရီ ၇

ဒေါသတကြီးဖြစ်နေသည့် အီရတ်နိုင်ငံသား လူအုပ်ကြီးသည် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်သတ်သည့် အရပ်သားနှစ်ဦး၏ အလောင်းအားမြှုပ်နှံရန် ဘာကူဘာမြို့လယ်ကောင်တွင် စုရုံးကြသည်။ ယင်းအရပ်သားများသည် ကော်ဖီဆိုင်မှ အိမ်ပြန်ရာလမ်းတွင် တနင်္လာနေ့ ညနေက ပစ်သတ်ခံရခြင်းဖြစ်သည်။

အဆိုပါ အရပ်သားနှစ်ဦးသည် ဘာကူဘာမြို့အနီး ကျေးရွာတစ်ရွာရှိ နေအိမ်များသို့ ပြန်အလာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သေဆုံးသူ၏ ဆွေမျိုးသားချင်းများက ပြောကြားသည်။

အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယင်းကိစ္စနှင့်ပတ်သက်၍ ယင်းဒေသတွင် ဖြစ်ပွားသည့် သတင်းမကြားမိကြောင်း ပြောကြားသည်။

ဟစ်ကြွေး

လူအုပ်ကြီးသည် သေဆုံးသူများ၏ အသုဘအခမ်းအနား ကျင်းပရန်အတွက် အင်္ဂါနေ့က စုရုံးရောက်ရှိပြီး အမေရိကန်သည် ရန်သူဖြစ်ကြောင်း အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးကြသည်။

လိုလားကြ

၎င်းလူအုပ်မှ လူများက အိမ်ပြန်ရန်အတွက် လမ်းမှဖြတ်သန်းသွားလိုကြောင်း၊ လမ်းအနီးတွင် တင့်ကားများရှိနေကြောင်း၊ သို့ဖြစ်၍ မြစ်ကမ်းတစ်လျှောက်မှ လမ်းလျှောက်သွားကြကြောင်း မြို့ခံတစ်ဦးက ပြောကြားသည်။ ၎င်းတို့အနေဖြင့် ၎င်းတို့၏ နေအိမ်များသို့ ဝင်ရောက်ရန် လိုလားကြရာ ယင်းသို့ ပစ်သတ်ခံရကြောင်း မြို့ခံတစ်ဦးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၇ ရက်က ဖမ်းဆီးခံထားရသည့် အီရတ်နိုင်ငံသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက မျက်စိကို အဝတ်ဖြင့်စည်းပြီး ခေါ်ဆောင်နေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ နှိမ်နင်းရေး အာဆီယံနိုင်ငံများ ဟန်ချက်ညီညီ ဆောင်ရွက်မည်

ဗန်ကောက် ဇန်နဝါရီ ၈

နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ နှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ကြီးမားသည့်စိန်ခေါ်မှုများရှိလင့်ကစား ယင်းရာဇဝတ်မှုများအား ဟန်ချက်ညီညီ တိုက်ဖျက်သွားရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် နိုင်ငံများက သန္နိဋ္ဌာန်ချထားကြောင်း အာဆီယံ ဝါရင့်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့၌ ပြောကြားသည်။

အရှေ့တောင်အာရှဒေသတွင် သမားရိုးကျမဟုတ်သည့် ရာဇဝတ်မှုများ မြင့်တက်နေသည့်အတွက် နယ်စပ်ဖြတ်ကျော်သည့် ရာဇဝတ်မှုများ နှိမ်နင်းရေးကို ဆောင်ရွက်ရန် အာဆီယံဝန်ကြီးများအတွက် အလွန်အရေးပါကြောင်း ကြာသပတေးနေ့တွင် ကျင်းပမည့် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးအတွက် ဝါရင့်တာဝန်ရှိပုဂ္ဂိုလ်များ၏ ကြိုတင်ပြင်ဆင်ရေး ဆွေးနွေးပွဲအပြီးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ဝီလ်ဖရီဒို ဗယ်လာကိုတာက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံခြား သတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတွန်းလှန်သူများ ဖော်လူဂျာမြို့တွင် အပြင်းအထန် တိုက်ခိုက်မှုဖြစ်ပွား

ဖော်လူဂျာ(အီရတ်) ဇန်နဝါရီ ၉

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတွန်းလှန်သူများ ဖော်လူဂျာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားရာတွင် အီရတ်နိုင်ငံဖွား စုံတွဲသေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ သို့ရာတွင် အမေရိကန်စစ်ဘက်က အဆိုပါသတင်းများအား အခိုင်အမာအတည်မပြုနိုင်ကြောင်း ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် တိုက်ခိုက်ရေးသမားများက စစ်ဆေးရေးဂိတ်တစ်ခုကို ပြင်းပြင်းထန်ထန် ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကယ်ကွတ်မြို့မှ အရပ်သားတစ်ဦးတို့ သေဆုံးခဲ့ကြသည်။

ဆန့်ကျင်ရေးလုပ်ရပ်

အမေရိကန် တပ်ဖွဲ့ဝင်များက အဆိုပါ ဒေသတွင် လူ ၈၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ ယင်းနယ်မြေတွင် ဘာသ်ပါတီဝင် သစ္စာခံဟောင်းများ၊ ပြည်ပတိုက်ခိုက်ရေး သမားများသည် ဆက်ဒမ်ဟူစိန် ခေတ်လွန်ကာလတွင် အမေရိကန်ဆန့်ကျင်ရေး လုပ်ရပ်များကို ဆောင်ရွက်နေကြသည်။

သေဆုံး

ဖော်လူဂျာမြို့တွင် နောက်ဆုံးပစ်ခတ်တိုက်ခိုက်မှုအဖြစ် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တွန်းလှန်တိုက်ခိုက်ရေးသမားတို့အကြား ဖြစ်ပွားခဲ့ရာ လက်ထပ်ပြီးစုံတွဲ အီရတ်နွယ်ဖွား နှစ်ဦးတို့ သေဆုံးခဲ့ရကြောင်းဖြင့် သေဆုံးသူ ယောကျ်ား၏အစ်ကိုနှင့် ဌာနေရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

ဖော်လူဂျာမြို့ အပြင်ဘက်ရှိ အမေရိကန်စစ်ရေး အခြေစိုက်စခန်းတွင် အင်္ဂါနေ့ညက လက်နက်ကြီးများဖြင့် ပစ်ခတ်ကြကြောင်း ဖော်လူဂျာဒေသခံနှင့် အမေရိကန် အမှတ် (၈၂) လေကြောင်းချီတပ်မက ဖော်ပြသည်။

အမေရိကန် လေထီးတပ်ဖွဲ့ဝင်များက ပြန်လည် တုံ့ပြန်တိုက်ခိုက်ကြကြောင်း စစ်ဘက်နှင့် ဒေသခံများက ပြောကြားကြသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ဩစတြေးလျ သံရုံးအနီးတွင် ဩစတြေးလျ တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘက်ချ်တဲလ်ကုမ္ပဏီကြီးအား ကန်ထရိုက်လုပ်ငန်းပေးမှု ဒီမိုကရက်တစ်ပါတီဝင်များ ဝေဖန်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၈

နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အမေရိကန်အေဂျင်စီအဖွဲ့က အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အကျိုးအမြတ်များစွာရရှိမည့် ကန်ထရိုက်လုပ်ငန်းကြီးကို ဘက်ချ်တဲလ်ကုမ္ပဏီကြီးအား ပေးအပ်လိုက်ကြောင်း၊ ၎င်းကန်ထရိုက်လုပ်ငန်းသည် ဒေါ်လာ ၁ဒသမ၈ ဘီလျံ တန်ဖိုးရှိကြောင်း သိရသည်။ ၎င်းကန်ထရိုက်လုပ်ငန်းအရ လာမည့်နှစ်နှစ်အတွင်း အီရတ်နိုင်ငံတွင် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများမှအစ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ရေး လုပ်ငန်းကြီးနှစ်ခုအပါအဝင် လေကြောင်းလုပ်ငန်းများကို အဆင့်တိုးမြှင့်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

အမေရိကန် ဒီမိုကရက်တစ်ပါတီဝင်များကမူ ၎င်းအမေရိကန်အေဂျင်စီက ဘက်ချ်တဲလ်ကုမ္ပဏီအား ယခုကဲ့သို့ ကန်ထရိုက်လုပ်ငန်းကြီး ပေးလိုက်သည့်အတွက် ဝေဖန် ပြောကြားလျက်ရှိပြီး ၎င်းဘက်ချ်တဲလ် ကုမ္ပဏီကြီးသည် နာမည်ထင်ရှားကျော်ကြားနေသည့် ရီပတ်ဗလီကန် ပါတီဝင်များနှင့် ဆက်နွယ်မှုရှိကြောင်း ပြောကြားလျက်ရှိသည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အင်တာနက်။

ပစ်ခတ်တိုက်ခိုက်

ဇန်နဝါရီ ၇ က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်မိုင် ၃၀ အကွာ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် ဝမ်းနည်းပူဆွေးဖြစ်နေသည့် အိမ်ရှင်အမျိုးသမီးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကြောင့် ဂျော်ဒန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းထိခိုက် စစ်ပွဲမဖြစ်မီက ရာနှင့်ချီသည့် ဂျော်ဒန်ထရပ်ကားများ ပြေးဆွဲခဲ့

အမ္မန် (ဂျော်ဒန်) ဇန်နဝါရီ ၉

ပင်လယ်နီနှင့်ဘဂ္ဂဒက်မြို့တို့ကို ဆက်သွယ်ထားသည့် လမ်းမပေါ်တွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပွားသည့်အတွက် ထရပ်ကားမောင်းသူများက အီရတ်နိုင်ငံအတွင်း မဝင်ရောက်ကြသည့်အတွက် ဂျော်ဒန်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ထိခိုက်နစ်နာစေရကြောင်း ဂျော်ဒန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်စစ်ပွဲမဖြစ်မီကဆိုလျှင် အဆိုပါလမ်းမပေါ်တွင် ရာနှင့်ချီသည့် ဂျော်ဒန်ထရပ်ကားများ မောင်းနှင်သွားလာခဲ့ကြောင်း၊ သို့ရာတွင် ယခုအခါမူ နေ့စဉ် ဂျော်ဒန်ထရပ်ကားအစီး ၃၀ နှင့် ၅၀ ကြားသာ မြင်တွေ့ရတော့ကြောင်း ဂျော်ဒန်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် အလာဘေတေနီက ပြောကြားသည်။

အီရန်-အီရတ်စစ်ပွဲဖြစ်ပွားချိန်က ဂျော်ဒန်နိုင်ငံသည် အီရတ်နိုင်ငံအတွက် ပြင်ပကမ္ဘာနှင့် ထွက်ပေါက်ဖြစ်ရာ အီရတ်နိုင်ငံသို့ ကုန်ပစ္စည်းများ သယ်ဆောင်ရန် ဂျော်ဒန်နိုင်ငံ၏ ထရပ်ကားများအနက် ၆၀ ရာခိုင်နှုန်းကို အသုံးချခဲ့ရသည်။

အီရတ်စစ်ပွဲမဖြစ်မီကဆိုလျှင် ဂျော်ဒန်နိုင်ငံ၏ ထရပ်ကားများဖြင့် ကုန်စည်သယ်ဆောင်ရေးလုပ်ငန်းသည် အလွန်ကောင်းမွန်ခဲ့ကြောင်း ထရပ်ကားအစီး ၁၇၀ ဖြင့် လုပ်ငန်းများလည်ပတ်လုပ်ကိုင်နေသည့် အမ္မန်မြို့အခြေစိုက် နိုင်ငံတကာ ကုန်စည်ချင်းဖလှယ်ရေးကုမ္ပဏီ (အိုင်ဘီစီ)မှ ညွှန်ကြားရေးမှူး မာရော့ဖ်အဘူဖာမရာက ပြောကြား သည်။

ယခုအခါ ပစ်ခတ်မှုများကြောင့် ထရပ်ကားမောင်းသူ ခုနစ်ဦးဒဏ်ရာရရှိကာ ထရပ်ကားနှစ်စီး အခိုးခံရပြီးနောက်တွင် အီရတ်နိုင်ငံသို့ ထရပ်ကားများဖြင့် ကုန်စည်တင်ပို့ခြင်းလုပ်ငန်းကို ရပ်ဆိုင်းပစ်ခဲ့ရကြောင်း ပြောကြားသည်။

အင်တာနက်။

ဆာ့အတ်နိုင်ငံများ နှစ်နိုင်ငံကိစ္စ ဆွေးနွေးရန် ပါကစ္စတန်သမ္မတ မူရှာရက်ဖ်တိုက်တွန်း

အစ္စလမ္မာဘတ် ဇန်နဝါရီ ၉

တနင်္ဂနွေနေ့က ကျင်းပသည့် ဆာ့အတ် ထိပ်သီးအစည်းအဝေး၌ ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ထူးခြားသည့် မှတ်ချက်များပြောကြားရာ၌ အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံကိစ္စများကိုပါ ထည့်သွင်းဆွေးနွေးရန် ဆာ့အတ်၏ ပဋိညာဉ်စာတမ်းကို ပြင်ဆင်ရန် တိုက်တွန်းလိုက်သည်။

သို့သော် ၎င်းကိုယ်တိုင် အိန္ဒိယ၌ ဖြစ်ပွားသည့် ကက်ရှမီးယားအရေးကို တိုက်ရိုက်ရည်ညွှန်း ပြောဆိုခြင်းမပြုဘဲ ထိန်းချုပ်ထားသည်။

အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးနှင့်တကွ အခြားသော ဆာ့အတ်ခေါင်းဆောင်များ တက်ရောက်သည့် စားသောက်ပွဲ၌ ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ပြောကြားရာတွင် ဒေသဆိုင်ရာ ဆွေးနွေးမှု၌ နှစ်နိုင်ငံ ပြဿနာများကိုပါ ဆွေးနွေးရန် ဆာ့အတ်၏ ပဋိညာဉ်စာတမ်းကို မိမိတို့ ချဲ့ထွင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြုလုပ်ရန် ပျက်ကွက်လျှင် အဆိုးမြင်ဝါဒဆီ ဦးတည် သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။

စားသောက်ပွဲပြုလုပ်သည့် ခန်းမကြီးထဲသို့ မသွားရောက်မီတွင် အခြားသော ဆာ့အတ်ခေါင်းဆောင်များ ရှေ့တွင် အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးနှင့် ပါကစ္စတန်သမ္မတ မူရှာရက်ဖ်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။

၎င်းတို့နှစ်ဦး ၂၀၀၂ ခုနှစ် ဇန်နဝါရီလက ခတ္တမန္ဒူမြို့၌ ဆာ့အတ် ထိပ်သီး အစည်းအဝေးကျင်းပစဉ် လက်ဆွဲနှုတ်ဆက်ကြပြီးနောက် နှစ်နှစ်အကြာ ယခုပထမဆုံးအကြိမ် တွေ့ဆုံကာ လက်ဆွဲနှုတ်ဆက်ခြင်းဖြစ်သည်။

အလားအလာကောင်း

တောင်အာရှနိုင်ငံများ အနေဖြင့် အငြင်းပွားမှုများနှင့် တင်းမာမှုများကို ငြိမ်းချမ်းစွာမဖြေရှင်းသမျှ ကာလပတ်လုံး မည်သည့်အခါမျှ အလားအလာကောင်းများကို အပြည့်အစုံ ရရှိခံစားရမည်မဟုတ်ကြောင်း ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ပြောကြားလိုက်သည်။ ***အင်တာနက်။***

အီရတ်ကိုယ်ပိုင်အုပ်ချုပ်ရေး အသွင်ကူးပြောင်းရာ၌ ကုလသမဂ္ဂ၏အခန်းကဏ္ဍ အဓိကပါဝင်ရန် တိုက်တွန်း

ကုလသမဂ္ဂ ဇန်နဝါရီ ၈

အီရတ်နိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ကူးပြောင်းစေရာတွင် ကုလသမဂ္ဂအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အမေရိကန် ထောက်ခံအားပေးသည့် အီရတ်ခေါင်းဆောင်များက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တိုက်တွန်းနေကြကြောင်းဖြင့် သံတမန်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြသည်။

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍အဆုံးအဖြတ်ပြုနိုင်ရန် ကုလသမဂ္ဂ၊ အီရတ်နိုင်ငံသားများနှင့် အပေါင်းပါတပ်ဖွဲ့မှ ပုဂ္ဂိုလ်များ အထင်ကရ အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ရက်သတ္တပတ်မကြာမီ ဖော်ပြပါအတိုင်း လှုပ်ရှားမှုပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါ ယာယီအာဏာပိုင်အဖွဲ့မှ အီရတ်နိုင်ငံသားများအား အာဏာမည်သို့မည်ပုံလွှဲပြောင်းပေးသင့်သည်ကို အကြံပြု အကူအညီပေးရန် အီရတ် အုပ်ချုပ်ရေးကောင်စီအား ကိုယ်စားပြုသည့် အဇစ်ဟာခင်က ကိုဖီအာနန်ထံသို့ ပေးပို့သည့် စာတစ်စောင်တွင် ရေးသားထားသည်။

ဒီဇင်ဘာ ၂၉ရက်က ပေးပို့သည့် စာတွင် အီရတ်အုပ်ချုပ်ရေးကောင်စီက ကုလသမဂ္ဂအား အီရတ်နိုင်ငံသို့ အလျင်အမြန် ပြန်လည်လာရောက်နိုင်ရန် တိုက်တွန်းထားသည့် စာများထဲမှ တစ်စောင်ဖြစ်ကြောင်းအဆိုပါကောင်စီမှ သံတမန်များက ပြောကြားသည်။

ကိုဖီအာနန်က အီရတ်နိုင်ငံရှိ ကုလသမဂ္ဂရုံးချုပ် အဆောက်အအုံအား ဩဂုတ်လအတွင်း ဗုံးခွဲခံခဲ့ရ ပြီးနောက် ၎င်း၏ နိုင်ငံတကာ ဝန်ထမ်းအဖွဲ့အားလုံးကို ရုပ်သိမ်းခဲ့ပြီး အီရတ်သို့ ပြန်လည်သွားရောက်ရန် လွန်စွာအန္တရာယ်ရှိလှကြောင်းကိုလည်း ပြောကြားခဲ့သည်။ကိုဖီအာနန်ကဟာခင်၏ဖော်ပြပါ စာနှင့်ပတ်သက်၍ တုံ့ပြန်မှုမရှိသေးကြောင်း ကုလသမဂ္ဂ၏ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ကိုဖီအာနန်သည် အီရတ်အုပ်ချုပ် ရေးကောင်စီ လက်ရှိဥက္ကဋ္ဌနှင့် အပေါင်းပါတပ်ဖွဲ့ ယာယီအာဏာပိုင်အဖွဲ့မှကိုယ်စားလှယ်တို့နှင့် ဇန်နဝါရီ ၁၉ရက်တွင် တွေ့ဆုံရန် စီစဉ်ထားသည်။

အင်တာနက်။

ရဟတ်ယာဉ်ပျက်ကျ၍ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး ရဟတ်ယာဉ်အမြီးပိုင်းကို ရော့ကက်ဒုံးကျည်ထိမှန်ခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၈

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ဘက် ဖော်လူဂျာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့မှ ဘလက်ဟော့ခ် အမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ယနေ့ အရေးပေါ် ဆင်းသက်စဉ် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ တပ်ဖွဲ့ဝင် ကိုးဦးစလုံး သေဆုံးရကြောင်း အမေရိကန် အမှတ် (၈၂)လေကြောင်းချီတပ်မ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။ သို့ရာတွင် ဖော်လူဂျာမြို့ တောင်ဘက်ကိုးမိုင်အကွာတွင် ဖြစ်ပွားခဲ့သည့် အဆိုပါ ရဟတ်ယာဉ် ပျက်ကျရမှုမှာ ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်လိုက်သော ရော့ကက်ဒုံးကျည်တစ်စင်း ထိမှန်ခံရခြင်းကြောင့် ဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။ ရဟတ်ယာဉ်၏ အမြီးပိုင်းကို ရော့ကက်ဒုံးကျည်တစ်စင်း ထိမှန်ခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ မိမိသွားရောက်ကြည့်ရှုရာတွင် အသက်ရှင်သူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်ကိုမျှ မိမိမတွေ့ရကြောင်း ဒေသခံ ယာသမားတစ်ဦးဖြစ်သူ မိုဟာမက် အာမက်အယ်လ်ဂျာမားလီကပြောကြားသည်။ဖော်လူဂျာမြို့သည် အမေရိကန်တပ်ဖွဲ့နှင့် ဒေသခံပြည်သူလူထု အကြား မကြာမကြာ တိုက်ခိုက်မှုများဖြစ်ပွားလေ့ရှိရာ မြို့တစ်မြို့ဖြစ်သည်။ ပျက်ကျခဲ့သော ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မောင်းအဖွဲ့မှ အဖွဲ့ဝင်လေးဦးနှင့် တပ်ဖွဲ့ဝင်ငါးဦးပါရှိပြီး အရေးပေါ်ဆင်းသက်စဉ် ပျက်ကျသွားခြင်းဖြစ်သည်ဟုအမေရိကန်တပ်ဖွဲ့က အစောပိုင်းတွင် ပြောကြားခဲ့သည်။ အစောပိုင်းဖြစ်သည့် ဇန်နဝါရီ ၇ ရက်ညက မြို့တော်ဘဂ္ဂဒက် အနောက်ဘက်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းတစ်ခုကို ခုခံတိုက်ခိုက်ရေးသမားများက မော်တာစိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ၃၄ဦးဒဏ်ရာရရှိခဲ့ရသည်။

ဖော်လူဂျာမြို့အနီးတွင် ဇန်နဝါရီ ၂ရက်က ကီအိုဝါ အမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

ကင်းလှည့်

အီရတ်နိုင်ငံ ဘာဆရာမြို့ ဆင်ခြေဖုံးတွင် စစ်ကားတစ်စီးဖြင့် ကင်းလှည့်ထွက်နေသည့် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြားရေးမူဝါဒ၌ အမေရိကန်၏ ဩဇာလွှမ်းမိုးခြင်းကို လက်ခံခြင်းမပြုရန် ဂျပန်နိုင်ငံအား အီရန်နိုင်ငံက တိုက်တွန်းပြောကြား

တီဟီရန် ဇန်နဝါရီ ၈

ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ နိုင်ငံခြားရေးမူဝါဒတွင် အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို ခွင့်မပြုရန် အီရန်နိုင်ငံက ဂျပန်နိုင်ငံကို အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

တိုက်တွန်းထား

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်၍ အမေရိကန်က စိုးရိမ်ပူပန်သည့်အတွက် အီရန်နိုင်ငံနှင့် အဆက်အသွယ် မပြုလုပ်ရန် အမေရိကန်က ဂျပန်နိုင်ငံအား တိုက်တွန်းထားသည်။

တွေ့ဆုံဆွေးနွေး

အီရန်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးတိုးချဲ့ရန် စိတ်ဝင်တစားရှိကြောင်း တီဟီရန်သို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရီကိုကာဝါဂူချီနှင့် တွေ့ဆုံဆွေးနွေးရာတွင် အီရန်အမျိုးသားလုံခြုံရေးဦးစီးကောင်စီ အကြီးအကဲ ဟတ်ဆန်ဂိုဟာနီက ပြောကြားသည်။

သို့ရာတွင် အီရန်နှင့် ဆက်ဆံရေးတွင် တတိယအုပ်စုများ၏ ဩဇာလွှမ်းမိုးမှုကို ဂျပန်နိုင်ငံက ခွင့်ပြုသည် မဟုတ်ဆိုသည့် အာမခံချက်များရရှိရန် အီရန်နိုင်ငံအဖို့ လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ရပ်ဆိုင်းခဲ့

အမေရိကန်၏ဖိအားပေးမှုကြောင့် ဂျပန်အစိုးရက ထောက်ခံသည့် ဂျပန်ကုမ္ပဏီအုပ်စုကြီးသည် အီရန်နိုင်ငံ၏ အဇာဒီဂျန်ရေနံတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလျံဖိုးရှိ သဘောတူစာချုပ် ချုပ်ဆိုရေးကို ယခုနှစ်စောစောပိုင်းက ရပ်ဆိုင်းခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ကာကွယ်ရေးအစီအစဉ်ပိုင်ခွင့်ရှိ မိမိနိုင်ငံကို ကာကွယ်နိုင်ခွင့်ရှိဟု အာရပ်အဖွဲ့ချုပ်ပြောကြား

ဒူဘိုင်း ဇန်နဝါရီ ၈

ဆီးရီးယားနိုင်ငံတွင် လူအစုအပြုံလိုက် သေစေနိုင်သည့်အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ)မရှိကြောင်း၊ သို့ရာတွင် ဆီးရီးယားနှင့် အခြားအရှေ့အလယ်ပိုင်းနိုင်ငံများအနေဖြင့် မိမိနိုင်ငံကို ကာကွယ်ရေးအတွက် ၎င်းကာကွယ်ရေးအစီအစဉ်များ ပိုင်ဆိုင်ခွင့်ရှိကြောင်း အာရပ်အဖွဲ့ချုပ်အကြီးအကဲ အမာမူဆာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

မှားယွင်း

အမာမူဆာက ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဗျရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းရာတွင် အမေရိကန်ပြည်ထောင်စုအား ဝေဖန်ပြောကြားရင်းဖြင့် ဆီးရီးယားနိုင်ငံတွင် နျူကလီးယားလက်နက်များရှိကြောင်း သက်သေသာဓကမရှိဘဲ ထင်မြင်မိပါက မှားယွင်းကြောင်း ဆက်လက်ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် ဒဗလျူအမ်ဒီလက်နက်များ ပိုင်ဆိုင်ကြောင်းဖြင့် အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်မှားယွင်းကြောင်း ဆီးရီးယားနိုင်ငံက ငြင်းဆိုသည်။

သို့ရာတွင် ဗြိတိသျှသတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းရာတွင် ဆီးရီးယားသမ္မတ အယ်လ်အာဆတ်က မိမိနိုင်ငံအား ကျူးကျော်မှုကို ကာကွယ်ရန်အတွက် ဆီးရီးယားက နည်းလမ်းရှာဖွေသည်မှာ သဘာဝကျကြောင်း၊ဒဗလျူအမ်ဒီလက်နက်များမှာ ကမ္ဘာတစ်ဝန်းတွင် အသင့်ရရှိနိုင်ကြောင်း စာဖြင့်ပြောကြားခဲ့သည်။တူရကီနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရာတွင် အာဆတ်က အရှေ့အလယ်ပိုင်းဒေသတွင် ဒဗလျူအမ်ဒီလက်နက်များ ပိတ်ပင်ရန် နှိုးဆော်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာရှိ ဘာဆရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၄၈၅ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၉

ကာကွယ်ရေးဌာန၏ အဆိုအရ ဇန်နဝါရီ ၈ ရက်ထိ အီရတ်စစ်မြေပြင်တွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၄၈၅ ဦး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ကြောင်းသိရသည်။ ယင်းအနက် ၃၃၃ ဦးမှာ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၅၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြရခြင်း ဖြစ်သည်။

ထိုကာလအတောအတွင်း ဗြိတိသျှစစ်တပ်မှ တပ်ဖွဲ့ဝင် ၅၆ဦး၊ အီတလီမှ ၁၇ ဦး၊ စပိန်မှ ရှစ်ဦး အခြားတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တပ်ဖွဲ့များမှ တစ်ဦးစီ အသီးသီးအသက်ဆုံးရှုံးခဲ့ရပြီး ဖြစ်ကြောင်း အစီရင်ခံစာများအရ သိရသည်။

မေ ၁ ရက်တွင် အမေရိကန်သမ္မတ ဘုရှ်က အီရတ်စစ်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုနောက်ပိုင်းတွင် တိုက်ပွဲများရပ်မသွားဘဲ ဆက်လက်ဖြစ်ပွားနေသဖြင့် မေ ၁ ရက်နောက်ပိုင်း သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၃၄၆ ဦးရှိသည်ဟုဆိုသည်။ ယင်းအနက် ၂၁၇ ဦးမှာ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး၁၂၉ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးကြရခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာန စာရင်းဇယားများတွင် ဖော်ပြထားသည်။

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့်အချိန်မှ ယနေ့အချိန်အထိ ကာလအတွင်း ခုခံတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၄၃၁ဦးရှိပြီး တိုက်ပွဲနှင့်မသက်ဆိုင်သော အကြောင်းများကြောင့် ထိခိုက်ဒဏ်ရာရသူပေါင်းမှာ ၃၈၃ဦးရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။ ***အင်တာနက်။***

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၉

လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် လှိုင်ရတနာလမ်း မိုးကုတ်ရိပ်သာ အမှတ်(၁၄၆)တွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်ကေသဝ (ပျော်ဘွယ်)သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်ထိ မိုးကုတ်ဝိပဿနာ အလုပ်ပေး ခုနစ်ရက် တရားစခန်းပွဲ၌ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးမြတ်တရားကို ဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

ပြူးခြိချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ရွှေပြည်တော် ဌာနီမှန်းလို့ရယ်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

ကုန်းအထက်
ငုံးငှက်တွေက ညိုးညံ့အော်၊
ကမူရိုး ရွှေချိုးကူသံကြော်တော့
ရွှေပြည်တော် ဌာနီမှန်းလို့ရယ်
လွမ်းစိတ်ကပေါ်။ ။

(အမည်မသိရှေးစာဆို)

စာရေးသူတို့ ကားလေးသည် ပုသိမ်–မုံရွာ လမ်းမကြီးမှ ဥသျှစ်ပင်လမ်းခွဲကို ရောက်ခဲ့သည်။ ပုသိမ်–မုံရွာ လမ်းမကြီးကို အနောက်ရိုးမ တောင်စဉ်တောင်တန်းများနှင့် အလယ်ရိုးမ တောင်စဉ်တောင်တန်းများကြားတွင် ရှည်လျားသာမောဖွယ် ဖောက်လုပ်ထားသည်။ ဧရာဝတီမြစ်ကြီးကလည်း လမ်းမကြီးနှင့် ယှဉ်တွဲစီးဆင်းနေပါသည်။ ဤဒေသသည် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းတို့နှင့် ဆုံရာဒေသဖြစ်သည်။ မြောက်ဘက်ကို သွားလျှင် မကွေးတိုင်းသို့လည်း ရောက်နိုင်သည်။ အနောက်ဘက်ကိုသွားလျှင် တောင်ကုတ် တောင်ကြားလမ်းက ၃၂၄၇ ပေမြင့်သည်။ တောင်ဘက်သို့ သွားလျှင် ထုံးဖို၊ လေးမျက်နှာ၊ ငါးသိုင်းချောင်း၊ အရှေ့ဘက်ကို သွားလျှင်တော့ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်က သမိုင်းဝင် ဖိုးဦးတောင်ကို ရောက်ပါသည်။

ဖိုးဦးတောင်ဘုရားသည် ပြည်မြို့ တစ်ဖက်ကမ်း အနောက်မြောက်ယွန်းယွန်းအရပ်တွင် ရခိုင်ရိုးမနှင့် ဆက်စပ်လျက်ရှိသော တောင်စွယ်တစ်ခုပေါ်တွင် တည်ထားသည့် ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ ပြည်မြို့မှ ကြည့်လျှင် ခပ်ရေးရေးဖူးတွေ့နိုင်သည်။ ဧရာဝတီမြစ်ကို နဝဒေးတံတားကြီးဖြင့် ဖြတ်ကူး၍ သွားရသည်။ ဖိုးဦးတောင်ဘုရားသည် ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ ဖိုးဦးတောင်ဘုရား တည်ရှိရာ တောင်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က နှစ်ကြိမ်တိုင်တိုင် ကြွရောက်ခဲ့ဖူးသော တောင်ထူးတောင်မြတ်ဖြစ်သည်ဟု ရွှေဆံတော်ဘုရားသမိုင်းတွင် ဖော်ပြထားသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ် ရောက်တော်မူပြီးနောက် သီဟပဗ္ဗတတောင်သို့ ကြွရောက်၍ ဧရာပထနဂါးမင်းအား ဆံတော်ဓာတ်တော် လေးဆူနှင့် ဘီလူးတို့အား မွေးရှင်တော်များ ပေးသနားခဲ့သည်။ ဤအကြိမ်မှာ မြတ်စွာဘုရား သီဟပဗ္ဗတတောင်သို့ ပထမအကြိမ် ကြွရောက်ခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ ဖခမည်းတော် သုဒ္ဓေါဓနမင်းကြီး နတ်ရွာစံပြီးနောက်တွင်လည်း ဖိုးဦးတောင်သို့ ဒုတိယအကြိမ် ကြွရောက်ခဲ့ဖူးသည်ဟု ဆိုသည်။ ဤသို့ မြတ်စွာဘုရား ကြွလာခဲ့စဉ်အချိန်က နောင်ဒွတ္တဘောင်မင်းဖြစ်မည့် ပွေးဖိုနှင့် ဗိဿနိုးမင်းသမီးဖြစ်မည့် ပွေးမတို့သည် ထိုသီဟပဗ္ဗတတောင်တွင် နေထိုင်ကျက်စားခဲ့သည်။ ပွေးဖို၊ ပွေးမတို့သည် မြတ်စွာဘုရားအား မြေကျစ်ဆုပ်များဖြင့် ပူဇော်ကြသည်။

ဖိုးဦးတောင် ကျောက်စာတွင် ပါဠိဘာသာဖြင့် "ပါဒက္ခိသေလ"ဟု ပါရှိရာ မြန်မာပြန်လျှင် ဖဝါးဦးတောင်ဟု အဓိပ္ပာယ်ရသည်။ မြတ်စွာဘုရား ခြေတော်ခြေချ ရပ်နားရာတောင်ဖြစ်၍ "ဖဝါးဦးတောင်"ဟု ခေါ်ခဲ့ကြသည်။

စာရေးသူတို့သည် ရှေးဟောင်းသမိုင်းဝင် ဘုရားကို ဖူးမြော်၍ တောင်အောက်ကို ဆင်းလိုက်သောအခါတွင် တောတောင်ကို ကျော်ကာဖြတ်ရမည့်အလား ရှုမြင်နေရပါသည်။

စာရေးသူတို့ ကားလေးသည် ဖိုးဦးတောင်ကြောပေါ်ရှိ နဝဒေးတံတားကြီးပေါ်သို့ မောင်းတက်လိုက်သည်။ ဖိုးဦးတောင်စောင်းမှ ရတနာတန်းဝင် ကျွန်းစိုက်ခင်း တစ်မျှော်တစ်ခေါ်နှင့် တသွင်သွင်စီးဆင်းနေသော မြစ်မင်းဧရာဝတီတို့၏ ရှုခင်းအလှကို မြင်ရသောအခါ–

ယမုန္နာ
သီတာသောင်ခြေဦးမှာလလေး။
သနားဖွယ်
လူ့နှယ်ခေါ်သံ ထူးလို့လေး။
ရစ်သန်းငယ်ကာ
ယမုန္နာ ငွေသောင်ခုံက
လွမ်းပုံကို ဖြေမရှင်ဘု
ပွေအင်ပူမီး။
ငွေနှင်းငယ်လျှံ
လေညင်းတည်းညံ့နှင့်
ရေဆင်းသံ ဂယက်ဝိုင်းငယ်
လှိုင်းထလို့စီး။ ။

တောင်သမန်နယ်စား မောင်ဖေငယ်၏ သီတာသောင်ခြေဘွဲ့ ပတ်ပျိုးကို သတိရမိသည်။

စာရေးသူတို့ ကားလေးသည် သရေခေတ္တရာမြို့ဟောင်းဘက်သို့ ရောက်ရှိသွားသည်။ (ခရစ်နှစ် ၁၀၈၄–၁၁၁၃)တွင် ရေးထိုးသော ကျောက်စာများ၌ မြတ်စွာဘုရား သခင်ပရိနိဗ္ဗာန်စံတော်မူသောနှစ်တွင် ဗိဿနိုးရသေ့သည် ဂဝံပတေ့ရဟန္တာ၊ သိကြားမင်း၊ ဝိသကြုံနတ်သား၊ ကဋုကမ္မနဂါးမင်းတို့နှင့်အတူ သရေခေတ္တရာမြို့ကို တည်ထောင်ဖန်ဆင်းလိမ့်မည်ဟု မြတ်စွာဘုရား ဗျာဒိတ်တော် ထားခဲ့သည်။ သရေခေတ္တရာမြို့ကြီးသည် အလွန်ရှေးကျသော မြို့တော်တစ်မြို့ဖြစ်ကြောင်း၊ တစ်ခါက ကြီးကျယ်ခမ်းနားခဲ့ကြောင်း၊ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ မြို့ဖြစ်ကြောင်း စသည်တို့ကို ရှေးသူဟောင်းတို့ အစဉ်အဆက် စွဲစွဲမြဲမြဲ ယုံကြည်မှတ်သားခဲ့သည်။ သရေခေတ္တရာမြို့ကြီးသည် တစ်ချိန်က ကြီးကျယ်ခမ်းနားခဲ့သော ရှေးဟောင်းမြို့တော်တစ်မြို့ဖြစ်ကြောင်းကို ယင်းမြို့ဟောင်းအတွင်း လှည့်ပတ်လေ့လာကြည့်လျှင် ယုံကြည်လက်ခံလာရန် ရှိပါသည်။ မြို့ဟောင်း၏ ပတ်ဝန်းကျင်တွင် ရှိကြသော ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ အစရှိသည့် ရှေးဟောင်းစေတီကြီးများသည် မြို့၏ ရှေးကျဟောင်းမြင်းသောအဖြစ်ကို ပိုမိုလေးနက်ပေါ်လွင်စေပါသည်။ သရေခေတ္တရာမြို့ဟောင်းရာသည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်းမကျသော အဝန်းအဝိုင်းပုံသဏ္ဍာန်ရှိသည်။ စာရေးသူတို့သည် သရေခေတ္တရာ ရှေးဟောင်းမြို့တော်၏ သမိုင်းပြတိုက်ကို ဝင်ရောက်လေ့လာခဲ့ပါသည်။

၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၈ ရက် နံနက်တွင် ဧရာဝတီမြစ်ကူး နဝဒေးတံတား(ပြည်) ဖွင့်လှစ်နိုင်ခဲ့သည်။ နိုင်ငံခြားအင်ဂျင်နီယာလက်ရာ လုံးဝမပါဝင်ခဲ့ပါ။ မြန်မာပြည်သား အင်ဂျင်နီယာများ၏ စွမ်းရည်ကို ဂုဏ်ပြုမော်ကွန်းတင်ခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မြန်မာအင်ဂျင်နီယာမှူးကြီး ဦးစိုးဝင်းအပါအဝင် ခုနစ်ဦးကို ရာထူးတစ်ဆင့်တိုးမြှင့်ပေးခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ ဧရာဝတီတံတား (ပြည်) (ယခု နဝဒေးတံတား–ပြည်) တည်ဆောက်ရေး စီမံကိန်းသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် **ဧရာဝတီတံတား (ပြည်) တည်ဆောက်ရေးစီမံကိန်းမှာ ကိုယ့်ခွန်ကိုယ့်အားနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အလျောက် နိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားရမည့် လုပ်ငန်းစီမံကိန်းဖြစ်ကြောင်း၊ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာသည် ကမ္ဘာ့အဆင့်အတန်း မီကြောင်း ပြသနိုင်ရန် အသေးအဖွဲလုပ်ငန်းမှစ၍ စေ့စပ်သေချာစွာ စီမံကိန်းတစ်ခုလုံးကို အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ စံချိန်စံညွှန်းပစ္စည်းများကို အပြည့်အဝ မှန်မှန်ကန်ကန် အသုံးပြုသွားရန် အရေးကြီးကြောင်း**ဟူ၍ လမ်းညွှန်ခဲ့သည်။

မြန်မာ့ဧရာဝတီဝယ် တံတားမော်ကွန်းအသစ် တည်ခဲ့သဖြင့် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းများအနေဖြင့် လမ်းပွင့်သွားခဲ့ပြီဖြစ်သည်။ ပြည်နယ်၊ ပြည်မ ဆက်သွယ်ရေး အထူးကောင်းမွန်ပြီး စီးပွားရေးစခန်းသစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

နဝဒေးတံတားကြီးသည် ၄၁၃၇ ပေရှည်၍ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ ပဲခူးတိုင်း ပြည်ခရိုင်တွင် ၁၉၉၇ ခုနှစ်က ဖွင့်လှစ်နိုင်ခဲ့သည်။

ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်သား အင်ဂျင်နီယာများကိုယ်တိုင် တည်ဆောက်ခဲ့သည့် နဝဒေးတံတား (ပြည်)ကို ထမ်းပိုးခွင့်ရခဲ့ပါပြီ။ မြစ်ပြင်ကျယ်ပြောလှသည့် မြစ်ကြောင်း အပြောင်းအလဲရှိသည့် ဧရာဝတီမြစ်ကြီးကို ဖြတ်ကူး၍ ခန်းဖွင့်ကျယ်တံတားကြီးများ တည်ဆောက်ရသည့် လုပ်ငန်းသည် ပင်ပန်းမည်၊ ခက်ခဲမည် စသည်တို့ကို မြန်မာအင်ဂျင်နီယာများ သိထားကြသည်။

ခန်းဖွင့်ကျယ်တံတားကြီးများကို နိုင်ငံခြားအကူအညီမပါဘဲ ကိုယ်တိုင် ပုံစံထုတ်သည်။ ကိုယ်တိုင် ကြီးကြပ်တည်ဆောက်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ငါးကြိမ်တိတိ လာရောက်ကြည့်ရှုစစ်ဆေး လမ်းညွှန်ချက်ပေးခဲ့သည်။

နဝဒေးတံတားကြီး၏ ပန်းတောင်းမြို့နယ်မှ ချဉ်းကပ်ခုံသည် ဖိုးဦးတောင်ကြီးကို ဖြတ်ကျော်ဖောက်လုပ်ထားသဖြင့် သာယာတင့်မောဖွယ်ရှိလှသည်။ ဤဧရာဝတီမြစ်ကူး(နဝဒေး)တံတားကြီးကြောင့် ဧရာအနောက်ခြမ်း သုနာပရန္တတိုင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

လားရှိုး၊ မူဆယ်၊ မော်လမြိုင်မြို့ ကုန်စည်ပြပွဲများ

ရန်ကုန် ဇန်နဝါရီ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှု၊ အထက်မြန်မာပြည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၅ ရက်ထိ လားရှိုးမြို့ ယုံဟော်ကွင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ မေ ၅ ရက်မှ ၉ ရက်အထိ မော်လမြိုင်မြို့ မြိုင်ရတနာ လေးထပ်ဈေးတွင် လည်းကောင်း ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်က စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ အရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး၊ စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့်စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၇၁၈၀၀(လိုင်းခွဲ)၃၉၄၊ ၄၀၈၊ ဖုန်း–၂၄၀၆၀၀(လိုင်းခွဲ) ၄၃၂နှင့် ရုံးချိန်ပြင်ပဖုန်း–၆၃၅၂၆၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် အဂ္ဂိဝစ္ဆသုတ်**
၉:၁၀ ၁၀။ **မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ ၂၀၀၄ ပညာပေးဂုဏ်ပြုဇာတ်လမ်း ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်သည့် အဘိုးအို**
သရုပ်ဆောင်–ကျော်ရဲအောင်၊ မြတ်ကေသီအောင်၊ ခိုင်သင်းကြည်၊ ချောရတနာ၊ ဇင်ဇင်ဇော်မြင့်၊ ကုသိုလ်၊ ဝင်းနိုင်(အနုပညာ) ဒါရိုက်တာ–ဇော်ဆက်
၉:၅၀ ၁၁။ အပိတ်နှုတ်ဆက်စကား
၉:၅၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ် ချိုနှားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ပထမနှစ် (မြန်မာမှုပညာ)
(ခ) ပထမနှစ် (စာရင်းအင်းပညာ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ ယမင်းရွှေစင် (အပိုင်း–၃၆)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ **English Premier League ဘောလုံးပွဲ °Arsenal & Middlesbrough**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

နန်းဦးစေတီ ပြန်လည်မွမ်းမံ တည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၉

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် မဟာမုနိရုပ်ရှင်မြတ်ဘုရားကြီးအနီး စန္ဒသူရိယမင်း ခြောက်ဆက်မြောက် သူရိယစက္ကမင်းကြီးတည်ထားကိုးကွယ်ခဲ့သော နန်းဦးစေတီတော်ကို မူလစေတီတော်နေရာ၌ ရှေးမူမပျက် ပြန်လည်မွမ်းမံ တည်ဆောက်မည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးလှအေး ဖုန်း၇၂၆၂၆၉နှင့် ဦးမောင်ရင် ဖုန်း၅၅၇၇၄၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာတို့ ကြိုးပမ်းနေသော မူးယစ်ဆေးဝါး ပပျောက်ရေး

မောင်ဖိုးမှတ်

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဖြင့် လက်တွေ့ကျကျကြိုးပမ်းမှုကြောင့် တစ်လှမ်းပြီးတစ်လှမ်း ခရီးရောက်ကာ တစ်ဆင့်ပြီးတစ်ဆင့် ပန်းတိုင်သို့ ခရီးပေါက်အောင် လျှောက်လှမ်းလျက်ရှိသည်။

ထိုမူးယစ်ဆေးဝါးပြဿနာသည် မြန်မာတို့ အသားလွတ်၊ အချောင်၊ အတင်းထိုးပေးသွားခြင်းခံခဲ့ရသော ဆိုးမွေဖြစ်ကြောင်း အကြိမ်ကြိမ်ဆိုခဲ့ဖူးပေပြီ။ စင်စစ်ဘိန်းသည် ကမ္ဘာ့အနောက်ခြမ်းမှ နယ်ချဲ့သမားတို့ သယ်လာပြီး ကိုလိုနီနယ်မြေများတွင် အတင်းစိုက်ပျိုးစေခဲ့ပြီးမှ ထိုဘိန်းဖြင့် စီးပွားရှာသွားကြသည်။ စီးပွားလည်း ဖြစ်သွားသည်။ အာရှနိုင်ငံများစွာ၌ နယ်ချဲ့ကို ခုခံနိုင်စွမ်းမရှိသော ဘိန်းစားများဖြစ်ပေါ်စေခဲ့သည်။

မြန်မာတို့သည် လွတ်လပ်ရေးရချိန်မှစပြီး ဘိန်းပပျောက်ရေး ကြိုးစားခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှု၊ ကေအမ်တီတရုတ်ဖြူကဲ့သို့သော ဘိန်းသောင်းကျန်းသူများ၏ ဘိန်းဖြူထုတ်လုပ်စီးပွားရှာမှုတို့ကို ရင်ဆိုင် တွန်းလှန်နေခဲ့ရသည်။ ပြည်တွင်း ငြိမ်းချမ်းရေးတည်ငြိမ်မှုရရှိသည်နှင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ဇောက်ချပြီး ကျားကုတ်ကျားခဲ လုပ်ဆောင် ကြိုးပမ်းခဲ့ရသည်။

ဤဆောင်းပါးရှင်နှင့်တကွ ကလောင်ရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ အကြိမ်ကြိမ်တင်ပြဖူးသည့်အတိုင်း ဘိန်းပြဿနာဖြေရှင်းနေဆဲအချိန်တွင် ပြည်ပ ပယောဂဖြင့် တမင်ဖန်တီးလိုက်သော ယာဘခေါ် စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကို ကြုံနေရပြန်သည်။ စိတ်ကြွရူးသွပ်ဆေးပြား ဖော်စပ်ထုတ်လုပ်ရာ၌ အသုံးပြုသော အဖီဒရင်း၊ ကဖင်းစသည့် ဓာတုဆေးဝါး ဆက်စပ်ပစ္စည်းများမှာ မြန်မာပြည်မှထွက်သောပစ္စည်းများ မဟုတ်ချေ။ ထိုဆက်စပ်ပစ္စည်းများကို မည်သို့သော အကြောင်းပြချက်နှင့်မှ မြန်မာနိုင်ငံက တင်သွင်းခြင်းမရှိ။ ဘိန်းသည်ပင်လျှင် သွားလေသူ နယ်ချဲ့သမားတို့ ခိုးသွင်းလာသော မှောင်ခိုပစ္စည်းဖြစ်သည်။ ဘိန်းမှ ဘိန်းဖြူချက်နည်းနှင့် ဘိန်းဖြူချက်ကိရိယာ ဓာတုပစ္စည်းများသည်လည်း ကေအမ်တီတရုတ်ဖြူများနှင့် ကေအမ်တီတို့၏ ပစ္စည်းလေးပါးဒါယကာ စီအိုင်အေတို့သွင်းလာသည့် မှောင်ခိုပစ္စည်းပင်ဖြစ်သည်။ စိတ်ကြွဆေးပြားထုတ်လုပ်သည့် ဆေးပြားရိုက်စက်၊ အဖီဒရင်း၊ ကဖင်းဓာတုပစ္စည်းများသည် ကာလပေါ် ဘိန်းသောင်းကျန်းသူတို့ နယ်စပ်ရှိ တောကြုံအုံကြားသို့ ခိုးသွင်းကာ ထုတ်လုပ်ပြီးမှ အထုပ်ထမ်းကာ နယ်စပ်မှ ပြန်ထွက်သွားနေသော မှောင်ခိုပစ္စည်းဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးပြားသည် ထိုဆက်စပ်ပစ္စည်းများ အဝင်မခံ၊ ချုံကြိုချုံကြားခိုးဝင်ပြီး ဆေးပြားထုတ်လုပ်သူများလည်း အဝင်မခံ၊ ဆေးပြားလည်း အဖြန့်မခံဘဲ ဆေးပြားထုတ်လုပ်၊ သယ်ဆောင်၊ သိုလှောင်၊ ရောင်းချမှုများ တွေ့ရာနေရာ၌ ဖမ်းပြီးဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်လျှင် အမြစ်ပြတ်သွားနိုင်ပေသည်။ ဘိန်းဖြူထုတ်လုပ်မှုများကိုလည်း တွေ့ရာနေရာ၌ အပြတ်ရှင်းပစ်နိုင်သည်။ ဘိန်းစိုက်ပျိုးမှု ပပျောက်ရန်ကိုမူကား နှစ်ပေါင်းများစွာ ကိုလိုနီအမွေဆိုးဆက်ခံ၊ နယ်ချဲ့အမွေဆိုး ကျိန်စာသင့်နေရသည့် နယ်စပ်ဒေသမှ သွေးချင်းများကို အပြုသဘောဖြင့် စည်းရုံးသိမ်းသွင်းယူရမည်ဖြစ်သည်။ ဘိန်းအစားထိုး စိုက်ပျိုးသီးနှံများ အခြားအစားထိုး ဖွံ့ဖြိုးရေးနည်းလမ်းများဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်အောင် ညင်ညင်သာသာ အသွင်ကူးပြောင်းယူရမည်ဖြစ်သည်။

ဘိန်းအစားထိုးသီးနှံများ၊ မွေးမြူရေးလုပ်ငန်းများ တွင်ကျယ်ခရီးပေါက်လာသည့်အတွက် ဘိန်းစိုက်တောင်သူများကိုယ်တိုင် ဘိန်းမျိုးစေ့များ စွန့်လွှတ်ပေးအပ်လာကြသည်မှာလည်း မြန်မာသိ၊ ကမ္ဘာသိ ရလဒ်ကောင်းများပင်ဖြစ်သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး လုံးဝပပျောက်ရေး ၁၅ နှစ် စီမံကိန်းသည်ပင်လျှင် တစ်နှစ်ပြီးတစ်နှစ် တိုးတက်မှုများ ဝေဆာဖြစ်ထွန်းလာနေပေပြီ။

မူးယစ်ဆေးဝါးပပျောက်ရေးကို အပြောဖြင့် လုပ်၍မရ၊ မလိုတစ်မျိုး၊ လိုတစ်မျိုး နိုင်ငံရေး အမြတ်ထုတ်နေ၍မရ၊ လက်တွေ့လုပ်မှ တကယ်ဖြစ်မြောက်အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဖြင့် လက်တွေ့လုပ်ဆောင် ကြိုးစားနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုကို တစ်နိုင်ငံတည်း တစ်ပင်တိုင် လုပ်ဆောင်ကြိုးပမ်းနေသည်မဟုတ်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ မူးယစ်ဆေးဝါးပပျောက်ရေး၊ ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းတိုင်ပင် လက်တွဲဆောင်ရွက်ခြင်းဖြစ်သည်။

နယ်ချဲ့တို့ ဘိန်းဇာတ်သွင်းခံခဲ့ရသည့် မြန်မာနိုင်ငံရှိ ဒေသများစွာသည် ယနေ့ နိုင်ငံတော်အစိုးရ၏ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲမှုဖြင့် ဘိန်းပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးပြီး ဘိန်းစိုက်ပျိုးမှုလုံးဝ စွန့်လွှတ်စေမည့် ပန်းတိုင်သစ်စီမံကိန်းတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသအချို့သည် တာထွက်ကောင်းပြီး လုံးဝဘိန်းကင်းရှင်းဒေသအဖြစ် ကမ္ဘာသိ ကြေညာထားပြီးဖြစ်သည်။ **ဥပမာ–ရှမ်းပြည်နယ် အရှေ့ပိုင်းမှ မိုင်းလားဒေသ။**

တခြားဒေသများကလည်း ၂၀၀၅ ခုနှစ်တွင် လုံးဝဘိန်းပပျောက်ရေး (ဘိန်းကင်းဇုန်)ကြေညာနိုင်ရန် အားကြိုးမာန်တက် ကြိုးပမ်းနေပေသည်။ **ဥပမာ–ကချင်ပြည်နယ်မှ ဒေသများ၊ ရှမ်းပြည်နယ်မှ “ဝ”ဒေသ။**

မြန်မာနိုင်ငံတွင် ၁၉၈၉–၉၀ ခန့်မှစပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ တရားဥပဒေဘောင် အတွင်းဝင်ရောက်လာသဖြင့် နယ်စပ်ဒေသများ (တိုင်းရင်းသားဒေသများ) အထူးအေးချမ်းသာယာလာသည်။ ဖွံ့ဖြိုးတိုးတက်လာသည်။ ထိုအခါ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ပို၍တွင်ကျယ်ထိရောက်စွာ လုပ်နိုင်လာသည်။ စိတ်သွားတိုင်း ကိုယ်ပါလာသည်။ အခြားနိုင်ငံများမှ ထုတ်လုပ်သော မူးယစ်ဆေးဝါးများကြောင့် မိမိတို့နိုင်ငံအတွင်း မူးယစ်ဆေးစွဲသူတွေ ဒီရေအလားတိုးတက်နေရပါပြီဟု အော်ဟစ်ကြွေးကြော်နေသော နိုင်ငံများ ဤအနေအထားကို အမြင်ရှင်းသင့်ပြီ ဖြစ်ပေသည်။ ပို၍အောင်မြင်အောင် ကူညီအားပေးသင့်သည်။

အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်ပြီး နယ်စပ်ကျော်နင်းသူများကို ဖမ်းဆီးလွှဲပြောင်းပေးအပ်မှုသတင်းများကို မကြာခဏ ကြားနေရသည်။ ထိုင်းနိုင်ငံတွင်လည်း ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ အစိုးရက မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်တားဆီးဆောင်ရွက်နေသည်။ အနောက်မီဒီယာအချို့တွင် ထိုကြိုးပမ်းအောင်မြင်မှုကိုပင် ဆီလို၊ ရေလို အပေါက်ရှာအပြစ်တင်လာကြသည်ကို သတိပြုမိသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မူးယစ်ဆေးဝါးပပျောက်ရေး တူညီသော ရည်မှန်းချက်ကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ–ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာ စီမံကိန်းမှ ဆောက်လုပ်ပြီးစီးသော ၁၆ ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားတစ်ရပ် အဆိုပါကျေးရွာတွင် ၂၈–၁၂–၂၀၀၃ ရက်နေ့က ကျင်းပခဲ့ခြင်းကို ကြည့်လျှင်ပင် မြန်မာနှင့် ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်များကို မြင်တွေ့နိုင်မည်ဖြစ်သည်။

ယင်း ယောင်ခကျေးရွာ ဆေးရုံသစ်ကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်နှင့် ထိုင်းနိုင်ငံ အမှတ်(၃) စစ်ဒေသ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ပီချန်ယက်မူအန်းမနီးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထိုယောင်ခကျေးရွာ စီမံကိန်းသည် ၂၀၀၁ ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးခဲ့ရာမှ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းကို ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ထိုင်းနိုင်ငံသုံးဘတ်ငွေ သန်း ၂၀ ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။

၂၀၀၁–၂၀၀၂ ခုနှစ်များတွင် နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးသဘောတူညီချက်အရ တာချီလိတ်မြို့ အနောက်ဘက် မိုင် ၃၀ အကွာ ယောင်ခကျေးရွာအုပ်စုကို စီမံကိန်းနယ်မြေအဖြစ် ရွေးချယ်ခဲ့သည်။ ယောင်ခကျေးရွာအုပ်စုဝင် ကျေးရွာ ၁၃ ရွာ စီမံကိန်းတွင် အကျုံးဝင်သည်။ ထိုစီမံကိန်းသည် ယောင်ခကျေးရွာ တစ်ခုလုံးသာမက ပတ်ဝန်းကျင်မှ ဒေသခံ တိုင်းရင်းသားအားလုံးကိုပါ အကျိုးရှိစေမည်ဖြစ်သည်။

၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစတင်ခဲ့သော ဤစီမံကိန်းအရ ကျောင်းသား ၅၀၀ ဆံ့ အခြေခံမူလတန်းကျောင်း တစ်ကျောင်း၊ ၁၆ ခုတင်ဆံ့ ဆေးရုံတစ်ရုံတို့ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ မူလတန်းကျောင်းတွင် ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းသူ၊ ကျောင်းသား ၂၂၂ ဦးတို့ ပညာသင်ကြားနေကြပြီဖြစ်သည်။

ယင်းစီမံကိန်းဒေသတွင် ဘိန်းအစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကုန်းမြင့်လယ်မြေဧက ၁၃၀၀ နှင့် လယ်မြေဧက ၉၀၀ စုစုပေါင်းဧက ၂၂၀၀ ခန့် စပါးစိုက်ပျိုးနေပြီ ဖြစ်သည်။ သီးထပ်သီးညှပ်စိုက်ပျိုးရန် ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းပြီး၊ အသေးစား တမံခြောက်ခုနှင့် ရေသွယ်မြောင်း ကီလိုမီတာ ၂၀ ဆောက်လုပ်နိုင်ခဲ့သဖြင့် လယ်မြေ ဧက ၈၄၀ ကျော် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဒေသ ဝမ်းစာအတွက် ဆန်ဖူလုံသည့်ပြင် ဆန်တန်ချိန် ၂၀၀၀ ကျော် ပိုလျှံခဲ့သည်။ ပြောင်း၊ ပဲ၊ ဝါးမျှစ်ချို၊ မက္ကာဒေးမီးယားပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးနေပြီဖြစ်သည်။ ဘိန်းအစားထိုးစိုက်ပျိုးမှုမှ ထွက်ရှိလာမည့် သီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဟု သိရသည်။

ယောင်ခကျေးရွာစီမံကိန်းတွင် ငါးကန်များတူးဖော်ပြီး ငါးရူ၊ တီလားဗီးယားစသည့် ငါးများမွေးမြူထားသည်။ ဥစားကြက်၊ အသားစားကြက်၊ ဝက်များ မွေးမြူထားသည်။ ကျေးရွာအိမ်ထောင်စုများအား ဖြန့်ဝေမွေးမြူသွားစေမည်ဟု သိရှိရသည်။

ယောင်ခကျေးရွာစီမံကိန်းကို ထိုင်းနိုင်ငံဘက်မှ တာဝန်ခံအဖြစ် ပူးပေါင်းဆောင်ရွက်နေသူမှာ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် လွယ်တုံး စီမံကိန်း အမှုဆောင်အရာရှိချုပ် မင်းသားကြီး မစ္စတာ ဒစ္စနက်ဒါဒစ္စကူးလ်ဖြစ်ပြီး မြန်မာဘက်မှ စီမံကိန်းတာဝန်ခံမှာ ကာကွယ်ရေးဌာနမှ ဗိုလ်မှူးကြီး စန်းပွင့်ဖြစ်သည်။ ယောင်ခကျေးရွာ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ပီချန်ယက်မူအန်းမာနီးတို့အား ဒေသထွက်သစ်သီးခြင်းများ လက်ဆောင်ပေးအပ်သည်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်က ဒေသခံပြည်သူများအတွက် သီးနှံမျိုးစေ့များကို ဦးပေါက်ယူချန်းထံသို့ ပေးအပ်လိုက်သည်။

ထိုင်းနိုင်ငံ လွယ်တုံး စီမံကိန်း အမှုဆောင်အရာရှိချုပ် မင်းသားကြီး ဒစ္စနက်ဒါ ဒစ္စကူးလ်သည် အဖွဲ့ဝင် ၂၀ ဖြင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ တာချီလိတ်သို့ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ရောက်ရှိပြီး၊ လွယ်ဆန်ဆုံလက်ဖက်ခြံ၊ ဝမ်ဟုန်၊ မိုင်းယွန်း၊ ယောင်ခဒေသများသို့ လာရောက်ကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာသွားခဲ့သည်။ ထိုလေ့လာရေးအဖွဲ့တွင် ထိုင်းရုပ်သတင်းစာ၊ ဗန်ကောက်စီးပွားရေးစာစောင်၊ ဗန်ကောက် Fresh News Post Today၊ မာတီချွန်သတင်းစာ၊ ထိုင်းရုပ်မြင်သံကြားလိုင်း–၅ တို့မှ သတင်းစာဆရာများ လိုက်ပါလေ့လာခဲ့ကြသည်။

ထိုအဖွဲ့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း လေ့လာတွေ့ရှိချက်များအပေါ် အပြုသဘောဆောင်၊ အကောင်းမြင်သော သတင်းဆောင်းပါးများ ရေးသားကာ သက်ဆိုင်ရာသတင်းစာများ၌ ဖော်ပြခဲ့ကြသည်။ အောက်တွင် ထိုရေးသားချက်အချို့ ကောက်နုတ်တင်ပြလိုက်ပါသည်။

“ကမ္ဘာ့လူထု၊ အထူးသဖြင့် ထိုင်းလူထုအနေဖြင့် မိုင်းယွန်းဟူသော အမည်ကြားလိုက်လျှင် မူးယစ်ဆေးဝါးနှင့်ဒွန်တွဲ၍ မြင်ယောင်လေ့ရှိကြသည်။ မူးယစ်ဆေးဝါးကို ဘိန်းဖြူဖြစ်စေ၊ ယာဘ(စိတ်ကြွရူးသွပ်ဆေးပြား)ဖြစ်စေ မခွဲခြားဘဲ အကြီးအကျယ် ပြဿနာတစ်ရပ်အနေဖြင့် ထိုင်းအစိုးရ ရင်ဆိုင်ဖြေရှင်းနေရသော ကိစ္စတစ်ရပ်လည်းဖြစ်ပါသည်။ မိုင်းယွန်းသို့ ဤဗန်ကောက်စီးပွားရေးစာစောင်မှ သတင်းထောက်နှင့်အဖွဲ့ ရောက်ရှိတွေ့ဆုံသောအခါ ယခင်က လူအများ လွှမ်းမိုးသိရှိခဲ့သည့် မူးယစ်ဆေးဝါး ဗဟိုချက်မစခန်းကြီးဟူသော အမြင်သဘောထားများ ပြောင်းလဲဖြစ်ပေါ်စေခဲ့ပါသည်။ ထိုဒေသသည် မူးယစ်ဆေးဝါးနှင့် မပတ်သက်သောဒေသဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

၁၉–၁၁–၂၀၀၃ ရက်နေ့ထုတ် ဗန်ကောက်စီးပွားရေးစာစောင် မိုင်းယွန်းရှိ ‘ဝ’ တိုင်းရင်းသားတို့အနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်မှုမရှိဟု မိမိယုံကြည်ကြောင်း”ဖြင့် ထိုင်းနိုင်ငံ၊ လွယ်တုံးစီမံကိန်း အမှုဆောင်အရာရှိချုပ် မင်းသားကြီးဒစ္စနက်ဒါဒစ္စကူးလ်က ရှင်းလင်းပြောကြားခဲ့ပါသည်။

၁၉–၁၁–၂၀၀၃ ရက်နေ့ထုတ် ဗန်ကောက်ပို့စ်သတင်းစာ။

မြန်မာတို့အနေဖြင့် ဤဆောင်းပါးရှင် ရှေ့တွင်တင်ပြခဲ့သည့်အတိုင်း မူးယစ်ဆေးဝါး ပပျောက်ရေးကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဖြင့် လက်တွေ့ကျကျ ဆောင်ရွက်အောင်မြင်လျက်ရှိပါသည်။ ထိုကြိုးပမ်းအောင်မြင်မှုများတွင် ပါဝင်ကူညီအားပေးသူမှန်သမျှကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ မည်သူတို့က မည်မျှပင် အဆိုးမြင်ဝါဒဖြင့် အပြစ်တင်၊ အပုပ်ချပြောကြပါစေ မြန်မာတို့ကမူ လိပ်ပြာသန့်သန့်ဖြင့် ဆက်လက်အားထုတ်ကြိုးပမ်းနေမည်သာ ဖြစ်ပေသည်။ ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မိမိတို့မြန်မာစာပေတွင် ဂုဏ်ယူလောက်သည့် စာပေလက်ရာများ သမိုင်းအဆက်ဆက် ကြွယ်ဝစွာ တည်ဆောက်ခဲ့

မြန်မာစာပေသမိုင်းကြောင်းကို ဆက်လက်ထွန်းပြောင်စေရန် ခေတ်မီပုံနှိပ်နည်းပညာများ အသုံးပြုဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ နှီးနှောဖလှယ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် စာပေဖွံ့ဖြိုးရေးအတွက် စာတမ်းဖတ်ပွဲများနှင့် စာပေနှီးနှောဖလှယ်ပွဲများကို ၁၉၆၅ခုနှစ်ကစပြီး ပြန်ကြားရေးဝန်ကြီး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဌာနက ကြီးမှူးကျင်းပခဲ့ရာ (၂၅)ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲသည် ပြုစုသူ၊ ပြင်ဆင်သူ၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူအားလုံး စုစည်းညီညွတ်စွာ အတွေးအမြင်ဖော်ထုတ်သည့် စာပေဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲကြီးဖြစ်ကြောင်း။

ခေတ်မီနည်းပညာအသုံးပြု

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် စာပေပညာရှင်များ၊ ထုတ်ဝေသူများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် အရည်အသွေးရှိသည့်၊ ပြည်သူကို အလင်းရောင်ပေးသည့်စာအုပ်များ ထွက်ပေါ်ခဲ့ပြီး အမျိုးသားရေးလက္ခဏာ ထည်ဝါစွာဖြင့် ရပ်တည်နိုင်ခဲ့ကြောင်း၊ မိမိတို့ မြန်မာစာပေတွင် ဂုဏ်ယူလောက်သည့် စာပေလက်ရာများ သမိုင်းအဆက်ဆက်က ကြွယ်ဝစွာ တည်ဆောက်ခဲ့ပြီးဖြစ်၍ မြန်မာစာပေသမိုင်းကြောင်းကို အစဉ်အလာမပျက် ဆက်လက်ထွန်းပြောင်အောင် ခေတ်မီပုံနှိပ်နည်းပညာများကို အသုံးပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မြန်မာစာပေသည် အတွေးအခေါ်နှင့် အဖွဲ့အနွဲ့များမှာပါ အဆင့်အတန်းရှိကြောင်းကို ပြည်ပအထိ ထိုးဖောက်ပျံ့နှံ့သိရှိအောင် စာပေလောကသားများက ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ရေးသားထုတ်ဝေသည့် စာကောင်းပေမွန်များကို နိုင်ငံတကာသုံး ဘာသာစကားများနှင့်ပါ ဘာသာပြန်ဆို ထုတ်ဝေနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း။

ပုံနှိပ်သူ၊ သရုပ်ဖော်သူ၊ ဒီဇိုင်းထုတ်လုပ်သူများကလည်း ခေတ်မီနည်းပညာများသုံးပြီး ပူးပေါင်းဆောင်ရွက်ပါက အဆင့်အတန်းမီ၊ အရည်အသွေးကောင်း၊ လက်ရာမြောက် စာကောင်းပေမွန်များ ပေါ်ထွက်လာမှာဖြစ်ကြောင်း၊ မြန်မာစာပေထုတ်ဝေရေးလောက စနစ်တကျ ပိုမိုဖွံ့ဖြိုးရန် အာရှဒေသနှင့် နိုင်ငံတကာတွင်ပြုလုပ်သည့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာအုပ်ဈေးပွဲတော်များသို့ တက်ရောက်၍ အကြံသစ်ဉာဏ်သစ်များ၊ လုပ်ငန်းမိတ်သစ်များရယူကာ စာပေလုပ်ငန်းနယ်ပယ်ကို ခေတ်မီအောင် ချဲ့ထွင်သွားကြရန်လိုကြောင်း။

မူပိုင်ခွင့်အလေးထား

စာပေသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ပြီး စာဖတ်သူတို့အတွက် အတွေးအခေါ်၊ အယူအဆ၊ အမူအရာ၊ အပြောအဆိုများကို အကျိုးပြုနိုင်သည့်အတွက် စာပေတာဝန်ယူကြမည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပွားများထွန်းကားစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေရေးမှာ ကမ္ဘာနှင့်ချီပြီး လုပ်ငန်းသဘောများ ထုံးမိစံမျှ ရှင်သန်ထွန်းကားရေးအတွက် နိုင်ငံတကာတွင် လက်ရှိကျင့်သုံးနေသော ဉာဏအားနှင့်ဖန်တီးသည့် စာပေလက်ရာများ မူပိုင်ခွင့်ကို တလေးတစား အသိအမှတ်ပြုပြီး လိုက်နာကျင့်သုံးကြရန် အထူးပင်လိုအပ်ပါကြောင်း။

စာပေထုတ်ဝေရေးနှင့်ပတ်သက်ပြီး အီလက်ထရောနစ် စာအုပ်ထုတ်ဝေရေးကဲ့သို့ နည်းနာများကို စတင်သုံးစွဲကြသည်ကို တွေ့ရသည့်အတွက် အားတက်ဖွယ်ရာဖြစ်ပါကြောင်း၊ ဤနယ်ပယ်သစ်တွင် စနစ်တကျ အကျိုးစီးပွားဖြစ်အောင် သုံးစွဲနိုင်ကြရန်လိုအပ်ကြောင်း၊ မြန်မာ့စာပေကို ကမ္ဘာပြန့်အောင် လုပ်ကိုင်နိုင်ရန် စာပေယဉ်ကျေးမှုဆိုင်ရာ ကုန်ကြမ်းများလည်း လုံလုံလောက်လောက် ရှိနေပြီဖြစ်ကြောင်း၊ ယခု ဆက်လက်ကျင်းပမည့် နှီးနှောဖလှယ်ပွဲ၏ ဆွေးနွေးသုံးသပ်ချက်များမှ စာပေထုတ်ဝေရေးလုပ်ငန်းကြီး စနစ်တကျ ခိုင်ခိုင်မာမာ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သော အကြံကောင်း၊ ဉာဏ်ကောင်း အချက်အလက်များ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခု နှီးနှောဖလှယ်ပွဲကျင်းပခြင်းသည် စာပေနယ်ပယ်နှင့် ထုတ်ဝေရေးနယ်ပယ်မှ လောကသားများကို အသိအမြင်ကြွယ်ဝပြီး စေတနာပေါ်ထွက်အောင် နှိုးဆော်နိုင်ပြီး မြန်မာစာပေယဉ်ကျေးမှုများ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ထိုးဖောက်ကာ ဆက်လက်ဖွံ့ဖြိုးရှင်သန်နိုင်အောင် မိမိတို့အကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက်ပါ အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

မိတ်ဆက်ရှင်းလင်း

ယင်းနောက် နှီးနှောဖလှယ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က တင်ပြဆွေးနွေးကြမည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ စာပေထုတ်ဝေရေးခရီး၏ အကြမ်းခွဲခြားနိုင်သော အဓိကလုပ်ငန်းနယ်ပယ်ကြီး ခုနစ်ရပ်တွင် စာရေးသူတို့က အသိပညာနှင့် စေတနာထည့်သွင်းနိုင်မှု၊ တည်းဖြတ်သူတို့၏ စာပေအရာတွင် ကျွမ်းကျင်ပိုင်နိုင်မှု၊ သရုပ်ဖော်သူ ပညာရှင်တို့၏ လက်ရာပြောင်မြောက်မှု၊ ပုံနှိပ်ကျွမ်းကျင်သူတို့က ပစ္စည်းနှင့် နည်းပညာပေါင်းစပ်လျက် စာအုပ်အဆင်အပြင် သပ်ရပ်လှပစွာ ပုံနှိပ်ချုပ်လုပ်ပေးမှု၊ ထုတ်ဝေသူတို့က အရင်းအနှီးနှင့် စိတ်ကူးစေတနာပေါင်းစပ်ကာ ကြီးကြပ်စီစဉ်ထုတ်ဝေမှု၊ ရောင်းချသူတို့၏ အကျိုးအမြတ်မျှတစွာ ထောက်ချင့်၍ ကွန်ရက်ဖြန့်ကြက် ထိရောက်စွာ ဖြန့်ဝေနိုင်မှုနှင့် စာကြည့်တိုက်မှူးတို့၏ ပညာဘဏ်တိုက် တံခါးသော့ချက်ကို ပိုင်နိုင်စွာ သုံးစွဲထိန်းသိမ်းနိုင်မှုတို့ကို တက်ညီလက်ညီဖြစ်စေရန် လိုအပ်ကြောင်းဖြင့် မိတ်ဆက်ရှင်းလင်းစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာကျော်စိန်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါ်ခင်ခင်(ကလျာ-ဝိဇ္ဇာ/သိပ္ပံ)နှင့် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒေါက်တာကျော်စိန်က "ရေးဖွဲ့သူကဏ္ဍ"တွင် ပါဝင်သည့် ဝတ္ထုဘာသာပြန် စာတမ်းများနှင့်ပတ်သက်၍ မိတ်ဆက်ပေးသည်။

ယင်းနောက် ရေးဖွဲ့သူကဏ္ဍတွင် ဝတ္ထုနှင့်ပတ်သက်သော စာတမ်းကို ဆရာမကြီး ဒေါ်ခင်ဆွေဦးက ဖတ်ကြားတင်ပြပြီး တက်ရောက်သူများ၏ ဖြည့်စွက်ဆွေးနွေးချက်များကို စာတမ်းရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် ရေးဖွဲ့သူကဏ္ဍတွင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က "(၁၀)နှစ်တာ ဘာသာပြန်စာပေခရီး" စာတမ်းကို ဖတ်ကြားတင်ပြပြီး တက်ရောက်သူများ၏ ဖြည့်စွက်ဆွေးနွေးချက်များကို စာတမ်းရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ ပထမနေ့ အစီအစဉ်များ ညနေပိုင်းတွင် ပြီးစီးသွားသည်။

စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၃ရက်အထိ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီခွဲအတွင်း ကျင်းပသွားမည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲသို့ ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်) (ကဗျာဆရာမောင်ဟေမာ)က ငွေကျပ် ၂၅၀၀၀၀၊ ဒေါ်ချိုချိုတင်(မစန္ဒာ)က ငွေကျပ် ငါးသောင်း၊ ဦးကျော်ညွန့် (ကျော်ညွန့်ရည်) (မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်)-ဒေါ်ဝါဝါကျော်က ငွေကျပ်ငါးသောင်း၊ ဦးချစ်စံ(ချစ်စံဝင်း)-ဒေါ်မော်မော် (လမင်းအိမ်)က ငွေကျပ်လေးသောင်းနှင့် ဒေါက်တာသာထွန်းဦး (တူဒေးစာအုပ်တိုက်)က ငွေကျပ်လေးသောင်းတို့ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မျက်မမြင်ကျောင်းနှင့် နားမကြားကလေးများကျောင်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)သို့ ရောက်ရှိလာရာ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်တို့က ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စာသင်ခန်းများ၊ Audio ခန်းများ၊ မျက်မမြင်စာပေသင်ကြားမှုအခန်းများ၊ သင်ကြားမှုသင်ယူမှုအထောက်အကူပြုအခန်း၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းမများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အလုံမြို့နယ် ဗဟိုလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၄)သို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးက မူလတန်းကြို ပညာရေး သင်ကြားပေးမှု အခြေအနေများကို တင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အလုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဆင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

(သတင်းစဉ်)

✪ **နိုင်ငံတော်မှ**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတူဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသား ခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသား ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေး၊ လမ်း၊ တံတားလုပ်ငန်းများ၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။(သတင်းစဉ်)

❍ **ကျောဖုံးမှ**

ပြည်တွင်းကုမ္ပဏီများက တီထွင်ထုတ်လုပ်သည့် ဆန်စက်နှင့် အပိုပစ္စည်းပြခန်းများ၊ Trust & Development Co.,Ltd က တီထွင်ထုတ်လုပ်ထားသော အဆင့်မြင့် အီလက်ထရောနစ်ပစ္စည်းများပြခန်း၊ စပါး/ဆန် ချိန်တွယ်မှုဆိုင်ရာ ပစ္စည်းပြခန်း၊ ပြည်တွင်း၊ပြည်ပ ဆန်စပါးရောင်းဝယ်ဖောက်ကားမှုပြခန်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းပြခန်းတို့ကိုလည်းကောင်းလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဂါရဝပြုလက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေပိုင်းတွင် ပြပွဲကျင်းပရာ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာနမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကယားပြည်နယ် အထူးဒေသ(၁) အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကိုနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။(သတင်းစဉ်)

ဧရာဝတီတိုင်းတွင် ၂၀၀၃–၂၀၀၄နွေစပါးကေ ၁၆သိန်းကျော်စိုက်မည် စိုက်ပျိုးပြီးဧက ခုနစ်သိန်းကျော် အောင်မြင်ဖြစ်ထွန်း

ရန်ကုန် ဇန်နဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဇန်နဝါရီ ၆ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ပန်းလှိုင်ရေထိန်းတံခါးရေဝင်မြောင်း နုန်းဆယ်ထိန်းသိမ်းမှုနှင့် နွေစပါးရေပေးမှုတို့ကို ကြည့်ရှုပြီး တိုင်းစိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များအား နွေစပါးနှင့် ဆောင်းသီးထပ်သီးနှံစိုက်ပျိုးရေး၊ လယ်ယာကိန်းဂဏန်း စာရင်းဇယား တိကျမှန်ကန်ရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည် ချောင်းသာကမ်းခြေရှိ အမှတ်(၁)ရေလှောင်တမံနှင့် အမှတ်(၂) ရေလှောင်တမံ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဂုန်နီစက်ရုံ

ဝန်ကြီးသည် ဇန်နဝါရီ၇ရက်တွင် မြောင်းမြမြို့ ဂုန်နီစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်း ဂုန်နီကုန်ချောပစ္စည်းများ စမ်းသပ်ထုတ်လုပ်သွားရန် မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည်မြောင်းမြမြို့နယ် ကံကြီးကျေးရွာအုပ်စု နွေစပါးအထူးဇုန်ဧရိယာ၌ နွေစပါးခင်းများ၊ သဘာဝမြေဩဇာစုပေါင်းကြဲပက်မှုကို ကြည့်ရှုပြီး နွေစပါးစိုက်တောင်သူလယ်သမားများနှင့်ရင်းနှီးစွာ တွေ့ဆုံ၍ နွေစပါးများ အောင်မြင်ဖြစ်ထွန်းရေး၊ တစ်ဧကအထွက်နှုန်း တိုးရေး မှာကြားသည်။

နည်းပညာပေး

ဧရာဝတီတိုင်း၌ ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်းနွေစပါးစိုက်ဧက ၁၆သိန်းခြောက်သောင်းကျော် စိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ မြေပြုပြင်ရေတင်စိုက်ပျိုးမှုတို့ကို ဆောင်ရွက်နေကြသည့်အပြင် စိုက်ပျိုးပြီးဧက ခုနစ်သိန်းသုံးသောင်းကျော်မှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ စိုက်ပျိုးရေးနည်းပညာပေးဝန်ထမ်းများကလည်း တောင်သူလယ်သမားများအား အချိန်အခါအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုကွင်းဆင်းနည်းပညာပေးလျက်ရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)တွင် မျက်မမြင်စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

စီးပွားကူးသန်း ရှေ့သို့လှမ်း

တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပူဇော်ပွဲ အခမ်းအနားကိုယမန်နေ့နံနက်၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၇၁) ရပ်ကွက်ရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋကမဟာဂန္ထာရုံ ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ အမှူးပြုသော တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါး ကြွရောက်တော်မူကြပြီး အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

လှူဒါန်း

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ သင်ပုန်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁:၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း–၅)**
- ၁:၅၀ ၇။ နဂါးရေလှောင်တမံ
- ၂:၀၅ ၈။ **အခမဲ့ကူလီထမ်းခြင်းအကျိုး (ဇော်ဦး၊သျှားညီ၊နိုင်စိုးပိုင်၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ–အောင်မြင့်မြတ်)**
- ၂:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၄၅၁၀။ International News.
- ၃:၀၀၁၁။ အစီအစဉ်ပြီး၏

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၅:၄၅ ၈။ တေးဂီအစီအစဉ်
- ၅:၅၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၂၀၁၀။ စားကြမယ်ဟော့ကောင်းကောင်း
- ၆:၃၀၁၁။ ညနေခင်းသတင်း
- ၇:၀၀၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅၁၃။ Discovery.
- ၇:၁၅၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း–၃)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာရုပ်ရှင် "ကောင်းကင်ထက်ကပန်းတစ်ပွင့်"(အပိုင်း–၂) (လူမင်း၊ထက်ထက်မိုးဦး၊ လှအဥ္စလီတင့်၊) (ဒါရိုက်တာ–ညွန့်မြန်မာ ညီညီအောင်)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

➪ **ပထမဆုံးအကြိမ်မှ**

ဖြေ။ အဲဒီပွဲတုန်းက ကျွန်တော်ရဲ့ ထိုးဘက်က သထုံသား အလီပါ။

မေး။ နောက်ဘယ်ပွဲတွေမှာ ထိုးဘက်ဘယ်သူတွေ့နဲ့ ယှဉ်ခဲ့ပါသေးသလဲ။

ဖြေ။ မနှစ်က တောင်ငူ အယ်ထီးကော်နဲ့ ထိုးဖြစ်ခဲ့ပါတယ်၊ ပွဲကတော့ သရေပွဲပါခင်ဗျ။ နောက်ပြီး မြိုင်ကလေး ဘိလပ်မြေစက်ရုံမှာ ချန်ပီယံဟောင်း ရွှေဂူဝံကြီးနဲ့ ထိုးသတ်ခဲ့ဖူးပါတယ်၊ အကျိုးရလဒ်ကတော့ သရေပွဲပါပဲခင်ဗျာ။

မေး။ ကျော်စွာ(ခ)ရှမ်းလေးသွေးကို နိုင်ပြီးတော့ ဘယ်ပွဲတွေမှာ ဘယ်သူနဲ့ထိုးသတ်ပြန်ပါသေးသလဲ။

ဖြေ။ အဲဒီပွဲပြီးကတည်းက မထိုးဖြစ်သေးပါဘူး၊ စောင်မန်းနဲ့တော့ ထိုးဖို့ အစီအစဉ်ရှိပါတယ်။

မေး။ ရိုးရာလက်ဝှေ့အပေါ် ဘယ်လို သုံးသပ်ရှုမြင်ပါသလဲ။

ဖြေ။ မြန်မာ့ရိုးရာလက်ဝှေ့ လူငယ်တွေဟာ သိပ်တော်လာကြပါတယ်၊ ကြိုးလဲကြိုးစားကြပါတယ်။

မေး။ ခု ဝမ်ချိုင်းနဲ့ထိုးမယ့်ပွဲမှာ နိုင်မယ်ထင်သလား၊ အရင်က သူနဲ့ ထိုးဖူးလား။

ဖြေ။ ကြိုးစားရမှာပေါ့၊ အရင်ကမထိုးဖူးပါဘူး။

မေး။ ရိုးရာလက်ဝှေ့ကို ဘယ်မှာသင်ခဲ့သလဲ။

ဖြေ။ ကရင်ပြည်နယ်မှာ နေတဲ့လူဆိုတော့ ကလေးဘဝကတည်းက လက်ဝှေ့နဲ့ ယဉ်ပါးနေပါတယ်။

ကဲ–ကျေးဇူးတင်ပါတယ် မောင်ရွှေဆိုင်း။

စာရေးသူသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးစခန်းရှိ စိန်ခေါ်သူ ဝမ်ချိုင်းနှင့် တွေ့ဆုံရပြန်ပါသည်။

မေး။ ကဲ–ဝမ်ချိုင်း၊ မတွေ့တာလည်းအတော်ကြာပြီ၊ ဘာတွေလုပ်နေတုံး။

ဖြေ။ ကျွန်တော် ပြင်းပြင်းထန်ထန် လေ့ကျင့်နေပါတယ်။

မေး။ ချန်ပီယံသစ်ရွှေဆိုင်းကို နိုင်မယ်လို့ထင်သလား။

ဖြေ။ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။

မေး။ ရတဲ့ဆုကြေးငွေတွေ ဘယ်သူ့များထောက်ပံ့နေပါလဲ။

ဖြေ။ ကျွန်တော့်မိဘများမရှိတော့ ဆွေမျိုးညီအစ်ကို မောင်နှမများကို ထောက်ပံ့ပါတယ်။

မေး။ လောလောဆယ် ဘယ်သူတွေနဲ့ ဘယ်ပွဲတွေ ဆက်ထိုးဖြစ်ပါသေးသလဲ။

ဖြေ။ ပြီးခဲ့တဲ့ ဒီဇင်ဘာ၂၄ရက်နေ့က ရွှေကုက္ကိုရွာမှာ တစ်ပွဲထိုးထားပါတယ်၊ ပထမအချီ (၁)မိနစ်ကျော်ကျော်မှာပဲ ကျွန်တော်အနိုင်ရပါတယ်။

မေး။ ဒါနဲ့ ခု ဘယ်မှာနေထိုင်စားသောက်လေ့ကျင့်နေပါသလဲ။

ဖြေ။ မြို့တော်စည်ပင်မှာနေပြီး တစ်ပတ်တစ်ရက်နားစနစ်နဲ့ သုဝဏ္ဏကွင်းမှာ လေ့ကျင့်နေပါတယ်။

မေး။ အနေအထိုင်၊ အစားအသောက်ကိုလည်း သိချင်ပါတယ်။

ဖြေ။ အစားအသောက် အနေအထိုင်ဆင်ခြင်ပြီး လေ့ကျင့်နေလို့ အရင်လိုဗိုက်လည်းမထွက်တော့ပါဘူး၊ နားချိန်မရှိသလောက်ပါပဲ။

ဝမ်ချိုင်း၏ ချန်ပီယံသရဖူကို ကျော်စွာ(ခ)ရှမ်းလေးသွေးက ရယူခဲ့သည်။ တစ်ဖန် ကျော်စွာထံမှ ချန်ပီယံဘွဲ့ကို ရွှေဆိုင်းက ရယူသွားခဲ့ပြန်ပါသည်။ ယခုမူ ချန်ပီယံဟောင်းဝမ်ချိုင်းက စိန်ခေါ်သူအဖြစ် လက်ရှိချန်ပီယံရွှေဆိုင်းနှင့် ရင်ဆိုင်ထိုးသတ်တော့မည်ဖြစ်သည်။ ယင်ဂုဏ်ရှိသူ လက်ရှိချန်ပီယံနှင့် သမ္မာနှင့် အတွေ့အကြုံကြွယ်ဝသူချန်ပီယံဟောင်းတို့၏ သရဖူလုပွဲကား ပရိသတ်အများ စိတ်ဝင်စားကြလိမ့်မည်ဖြစ်ပါသည်။

(ကြေးမုံ)

နှစ်(၁၀၀)ပြည့် ပူဇော်ပွဲနှင့် ပခုက္ကူနိကာယ ဩဝါဒခံယူပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူနိကာယ(၁၁)ကြိမ်မြောက် သံဃာတော်များ ဩဝါဒခံယူပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်ရာ သဒ္ဓါကြည်လင်စေတနာရှင် မည်သူမဆို လာရောက်ကြည်ညိုနိုင်ကြောင်းနှင့် ၎င်းပွဲတော်ကြီးအတွက် ဂေါပကအဖွဲ့ ဖုန်း-၀၆၂-၂၁၁၅၉နှင့် အမှုဆောင်အဖွဲ့ဖုန်း-၀၆၂-၂၁၉၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မဟာဝိသုတာရာမ်က ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၂၁။ မောင်အောင်ဇော်မျိုး၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၂။ မောင်မာလ၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၃။ မယဉ်ယဉ်ခိုင်၊ အားကစားသမား၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၄။ မောင်ဟာဟုန်း၊ အားကစားသမား၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၅။ မမြစန္ဒာဦး၊ အားကစားသမား၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၆။ မချိုချိုဝင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊အားကစားဝန်ကြီးဌာန။
၂၇။ မောင်မင်းဇော်ဦး၊အားကစားသမား၊ မြန်မာနိုင်ငံကာယဗလ/အလှအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၈။ မောင်ကြူး၊ အားကစားသမား၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၉။ မောင်ကံရွှေ၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၀။ မောင်ဘုန်းမြင့်တေဇာ၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်။
၃၁။ မောင်အောင်ကျော်မိုး၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၂။ မောင်ခင်မောင်မြင့်၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၃။ မောင်ရန်ပိုင်၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊အားကစားဝန်ကြီးဌာန။
၃၄။ မောင်မျိုးဇော်၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၅။ မခင်မာဦး၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၆။ မသိန်းငွေဝင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၇။ မနော်အားလယ်လာရီး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၈။ မခင်မာသင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၉။ မောင်စောခေရှ၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန။
၄၀။ မောင်အောင်လင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၁။ မောင်မောင်အေး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၂။ မောင်သာပိုး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၃။ မောင်ထွန်းထွန်းနိုင်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၄။ မောင်စောစတေဖာနူး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၅။ မောင်မောင်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၆။ မောင်သန်းထွန်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၇။ မောင်အောင်လွင်စိုး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၈။ မောင်ကျော်စွာလင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၉။ မောင်ဇေယျာဟိန်း၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၀။ မောင်ဝင်းထိုက်၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၁။ မောင်ခင်မောင်ရီ၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၂။ မောင်သန့်စင်၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၃။ မောင်ရွှေလှဝင်း၊ အားကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၄။ မောင်သောင်းဝင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၅။ မတင်တင်ဦး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၆။ မမြင့်မြင့်သန်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၇။ မမျိုးမျိုးဆန်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၈။ မသင်းသင်းကြူ၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၉။ မနန်းသီတာ၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၀။ မအေးမိခိုင်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၁။ မယဉ်ယဉ်ထွေး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၂။ မချောစု၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၃။ မတင်တင်နွဲ့၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၄။ မမြင့်မြင့်ဝင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၅။ မစိုးယုမော်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၆။ မစန်းစန်းမော်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၇။ မအေးအေးမော်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၈။ မမြင့်မြင့်ထွေး၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆၉။ မလှိုင်လှိုင်မော်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၀။ မနော်လယ်ကဖော၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၁။ မမေသင်းအောင်၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၂။ မသီတာနှင်း၊ အားကစားသမား၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇၃။ ဦးဖေရမ်(ခ)ဦးဖုန်ယားဖေရမ်၊ သစ်စက်လုပ်ငန်း၊ ဥက္ကဋ္ဌ၊ ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ ကချင်ပြည်နယ်။
၇၄။ ဒေါ်ဖြူဖြူရှိန်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း သရက်ချောင်းမြို့၊ တနင်္သာရီတိုင်း။
၇၅။ ဦးမြသန်း(ကုန်သည်) အမှတ်(၇)၊ (၂၇)လမ်း၊ ထန်းကုန်းရပ်ကွက်၊ ဖြူးမြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်း။
၇၆။ ဒေါ်ကြည်လေး၊ အတွင်းရေးမှူး၊ အိမ်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဧရာဝတီတိုင်း။
၇၇။ ဦးဝင်းမြင့်၊ ဒု-တပ်ရင်းမှူး၊ ညောင်တုန်းမြို့နယ် ကြက်ခြေနီ၊ ဧရာဝတီတိုင်း။
၇၈။ ဦးကင်းဟန်၊ ဆန်စက်လုပ်ငန်းရှင်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်း။
၇၉။ ဦးဝကြီး၊ အင်္ဂလန်ကျားပိုက်လုပ်ငန်း၊ ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။
၈၀။ ဦးသိန်းလှ၊ (ဈေးသည်)အကွက် (၂၁၄)၊ သီရိမာလာအနောက်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၈၁။ ဦးသိလာစာရ (ရဟန်း)၊ အောင်ပင်လယ် ပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ဝိုင်း၊ ပင်းယလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၈၂။ ဦးဥက္ကံသ (သံဃာတော်)၊ သဒ္ဓမ္မဝံသာရုံကျောင်း၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၈၃။ ဦးတင်ဆောင်၊ စက်ချုပ်၊ ခ/၁၂၃၊ မြို့သစ် (၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈၄။ ဦးထင်ကျော်၊ တပ်ခွဲမှူး၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အကွက်(၃၂၃)၊ ဂေါဝိန်၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၈၅။ ဦးနန္ဒိယ (သံဃာတော်)၊ ကေသရာရာမကျောင်း၊ ဇ/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈၆။ ဦးမြတ်မိုး၊အဆင့်(၂)လျှပ်စစ်(အမ်အီးပီအီး) ချမ်းအေးသာစံမြို့နယ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၈၇။ ဦးသန့်ရှင်းမောင်၊ ဒုတိယဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းခုတ်မြို့နယ်ရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန။
၈၈။ ဦးအောင်စန်းငွေ၊ ဓာတ်ခွဲစစ်ဆေးသူ(ဒုတိယတန်း) ပြည်သူ့ဆေးရုံ သနပ်ပင်မြို့၊ ကျန်းမာရေးဝန်ကြီးဌာန။
၈၉။ ဦးခင်မောင်ဦး၊ ဝိုင်းဆရာ(၃)၊ အမှတ်(၁)သစ်စက် ကြည့်မြင်တိုင်၊ သစ်တောရေးရာဝန်ကြီးဌာန။
၉၀။ ဦးချစ်လှိုင်၊ ဈေးရောင်း၊ အမှတ်(၂၄)မာလာလမ်း၊ (၂) ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉၁။ ဦးမောင်မောင်၊ စက်ခန်းအုပ်(တ) တတိယတန်း စက်ခန်းအုပ်၊ ရေနံနှင့်ရေနံဓာတုဗေဒ ပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာန၊ စွမ်းအင်ဝန်ကြီးဌာန။
၉၂။ ဦးကေသဝ (ဘုန်းကြီး)၊ သာသနာ့ဝန်ထမ်း၊ တောင်ဘလူကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။
၉၃။ ဦးကျော်သန်း၊ အရောင်းအဝယ် (အိမ်ဆိုင်) မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)၊ ၃၅ x ၃၆ ကြား၊ ၆၃ x ၆၄ ကြား၊ ဥယျာဉ်တန်းရပ် ၄/၂၉ မန္တလေးတိုင်း။
၉၄။ ဦးမင်းအောင်၊ ဈေးရောင်း၊ အိမ်အမှတ်(၇/၄၇၁) နယ်မြေ(၅) ပါရမီလမ်း၊ ရွှေတောင်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၉၅။ ဦးသုဘောဂ (ခ) ဦးသာထွား (ရဟန်း)၊ ကေတုမတီတိုက်ခွဲ (၁) (၆) ရပ်ကွက်၊ ပန်းတောကျောင်း၊ မှော်ဘီမြို့နယ်၊ ရွှေလှေကြီးကျေးရွာအုပ်စု၊ ရန်ကုန်တိုင်း။
၉၆။ ဒေါ်တင်ညွန့်၊ ဈေးရောင်း၊ အမှတ် (၁၈-ဘီ) ဦးလူကလေးလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၉၇။ ဦးထွန်းကြည်၊ ကိုယ်ပိုင်လုပ်ငန်း၊ အမှတ်-၁၁၄၂၊ မဥ္ဇူ (၂)လမ်း၊ တ/၁၅ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
၉၈။ ဦးနီတွတ်၊ အမှုတွဲထိန်း၊ ငွေစာရင်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၉၉။ ဦးလှဝင်း၊ ဓာတ်ခွဲစစ်ဆေးသူ (ဒုတိယတန်း) သွေးလှူဘဏ်၊ ပြည်သူ့ဆေးရုံကြီး၊ မန္တလေး ကျန်းမာရေးဝန်ကြီးဌာန။
၁၀၀။ ဦးခင်မောင်ဆွေ (မ-၇၆၀၄) မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၁၀၁။ ဦးတင်မောင်ထွေး၊ ဆေးသုတ်လုပ်ငန်း၊ ၇/၄၄၆/၂၂ လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀၂။ ဦးသိန်းအောင်၊ လက်မှုကျွမ်းကျင် (၄) ပုံလောင်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၁၀၃။ ဦးဝင်းကြည်၊ လုပ်သားမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၁၀၄။ ဦးသန်းစိုး၊ ယာဉ်မောင်းအဆင့် (၂) ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။
၁၀၅။ အရှင်ဂုဏဝံသသလင်္ကာရ (ပထမကြီး) ကျောင်းထိုင်ဆရာတော်နှင့် သာသနာပြုစူဠာမုနိပရိယတ္တိ စာသင်တိုက်၊ နယ်မြေ (၈)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၁၀၆။ ဦးစိုးဝင်း၊ ကုန်သည်၊ အမှတ် (၆၀) ပ-ထပ်၊ ၁၇ လမ်း၊ (၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀၇။ ဦးစံသွင်၊ လယ်လုပ်၊ မှသင်ကျေးရွာအရှေ့ပိုင်း၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
၁၀၈။ ဦးဇော်ထွန်း၊ ကိုယ်ပိုင်လုပ်ငန်း၊ အမှတ် (၂၁၆) ၃-အေ၊ ၄ဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀၉။ ဦးကျော်သန်း၊ လယ်လုပ်၊ အမှတ် (၁၆၆၆/က) သလ္လာဝတီ (၄) လမ်း၊ ၁၀/ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁၀။ ဦးကြည်သောင်း၊ ကုန်သည်၊ အမှတ် (၁၁၆) အင်းစိန်လမ်း၊ အမှတ် ၉ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၁၁။ ဦးဝင်းငွေ၊ အရောင်းအဝယ်၊ ဥပုသ်တော်၊ အကွက်(၂၀) အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၁၂။ ဦးသိန်းဇော်၊ ဝိုင်းဆရာအဆင့် (၃)၊ အမှတ်(၉) သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၁၃။ ဦးတင်မောင်ဦး၊ ပစ္စည်းထိန်း-၄၊ တံတားအထူးအဖွဲ့ (၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန
၁၁၄။ ဦးညွန့်အောင်၊ လူနာခန်းလက်ထောက်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မော်လမြိုင်မြို့၊ ကျန်းမာရေးဝန်ကြီးဌာန။
၁၁၅။ ဦးမြင့်ထွန်း၊ နည်းပြ (ပန်းချီ) အနုပညာဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ပန်းချီပန်းပုကျောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၁၆။ ဦးစိန်ဝင်း၊ ပုံနှိပ်ကျွမ်းကျင်-၄ (စာစီ)၊ ဗိုလ်တထောင်သတင်းစာတိုက်၊ ပြန်ကြားရေး ဝန်ကြီးဌာန။
၁၁၇။ ဦးမြတ်ထွေး(ခ)ဦးမြထွေး၊ မြန်မာ့ဆက်သွယ်ရေး၊ ၃၇၀၊ မာန်ပြေ (၉) လမ်းအရှေ့၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁၈။ ဘဒ္ဒန္တနန္ဒဝံသ၊ ရဟန်း၊ ဓမ္မဝိသုဒ္ဓိကျောင်း၊ မဟာစေတီကျောင်းတိုက်၊ အမှတ်-၆၁၊ မြေနီ (၃) လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁၉။ ဦးသန်းထွန်း၊ ပန်းချီ၊ပန်းပု၊ ၇၃၉(က) ကွတ်ခိုင်လမ်း၊ (၁၀) ရပ်ကွက်၊ ရွှေပြည်သာ၊ ရန်ကုန်တိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လုပ်ငန်းကော်မတီဝင်များနှင့်ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၉

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ကြီး ဘက်စုံမွမ်းမံ တည်ဆောက်ပြုပြင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၅နာရီတွင် ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ်ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းမှ မပြီးပြတ်၍ ကျန်ရှိနေသေးသော ဘုရားကြီးကိုးဆူတန်ဆောင်း ရွှေ့ပြောင်းပြုပြင်တည်ဆောက်ရေးအတွက် ဗုဒ္ဓစက်တော်ရာတန်ဆောင်း၌ လုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

ယင်းဆွေးနွေးပွဲသို့ ဘက်စုံမွမ်းမံတည်ဆောက်ရေးအဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ၊ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘက်စုံမွမ်းမံတည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမြော်ကြည်ညိုပြီးနောက် ရင်ပြင်တော်၌ ပြုပြင်တည်ဆောက် ပြီးစီးသွားသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်ဗုဒ္ဓစက်တော်ရာတန်ဆောင်းအတွင်းရှိ ဗုဒ္ဓစက်တော်ရာနှင့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ဆီမီးနှင့် သောက်တော်ရေ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးက ယင်းတန်ဆောင်းအတွင်း ဗုဒ္ဓရုပ်ပွားတော်များပြုပြင်မွမ်းမံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တတိယအကြိမ် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းတွင် ကျန်ရှိနေသော ဘုရားကြီးကိုးဆူတန်ဆောင်း ရွှေ့ပြောင်းတည်ဆောက်နိုင်ရေးအတွက် မြေနေရာနှင့် တည်ဆောက်မည့် ဒီဇိုင်းပုံစံများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ပြုပြင်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ကြံရာသီမှ**

ပြည်ပသို့ ပိုမိုတင်ပို့ ရောင်းချနိုင်ရေးအတွက် ရည်မှန်းချက်ထားသော ကုန်ကြမ်းကြံများ အပြည့်အဝရရှိအောင်ဝယ်ယူပြီး စက်စွမ်းအားပြည့် လည်ပတ်၍ ၂၀၀၃-၂၀၀၄ခုနှစ် ချမှတ်ထားသော ရည်မှန်းချက်အပြည့်အဝအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ကြရာတွင် စက်ရုံများ စွမ်းအားပြည့် ကြိတ်ဝါးနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းမှုများဆောင်ရွက်ခြင်း၊ ဧရိယာဧကအပြည့်အဝစိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ခြင်း၊ ဝယ်ယူရေး၊ သယ်ယူရေး အဆင်ပြေအောင် ဆောင်ရွက်ပြီး ကြိတ်ဝါးကြံ အပြည့်အဝရရှိရေး ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းတာဝန်ကြီးသုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြောင်းလဲစိုက်မှု

ကြံသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စီမံဆောင်ရွက်ရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီသီးနှံအရည်အသွေးနှင့် အထွက်ကောင်း ကြံမျိုးသစ်များအား အဓိကကျသည့် စက်ရုံဒေသအသီးသီး၏ နယ်မြေများတွင်၂၀၀၃-၂၀၀၄ခုနှစ်မှစ၍ သုံးနှစ်အတွင်း ပြောင်းလဲ စိုက်ပျိုး အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အစီအစဉ်အရ အထွက်ကောင်း မျိုးသစ်များ စိစစ်ရွေးချယ်ခြင်း၊ မျိုးပွားထုတ်လုပ်ခြင်းနှင့် မျိုးသန့်ဆောင်ရွက်ခြင်း၊ မျိုးပြောင်းလဲရေးအကောင်အထည်ဖော်ခြင်းလုပ်ငန်းအဆင့်အလိုက် စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၀၃-၂၀၀၄ခုနှစ် ကြံရာသီတွင် လျာထားသောတန် အပြည့်အဝ ဝယ်ယူရရှိနိုင်ရေးအတွက် ကြံစိုက်တောင်သူ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ စက်ရုံမှ ဝယ်ယူရေး ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဝယ်ယူရေး၊ သယ်ယူရေးလုပ်ငန်းကိုမြန်မာ့ ကြံလုပ်ငန်းမှ ရည်မှန်းချက်လေးရပ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းရည်မှန်းချက် လေးရပ်တို့မှာ တစ်ဧကပျမ်းမျှ စက်သွင်းကြံ အနိမ့်ဆုံး ၁၅တန်နှုန်းရရှိအောင် ဆောင်ရွက်ရန်၊ ကာလတိုတိုဖြင့် စက်ရုံများ စွမ်းအားတိုးမြှင့်ကြိတ်ဝါးရန်၊ ဟန်ချက်ညီ ဝယ်ယူရေးနှင့် စွမ်းအားပြည့် သယ်ယူရေးဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုတိုးမြှင့်ရေး၊ အလေအလွင့်နှင့် လေလွင့်ဆုံးရှုံးမှု ထိန်းသိမ်းရန်စသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

သကြားစက်များမှ ထုတ်လုပ်လိုက်သော သကြားများကို အိတ်တွင် ချိန်တွယ်သွတ်သွင်းပြီးနောက် အရောင်းဌာနသို့ ပို့ရန်ကားပေါ်သို့ တင်ကြစဉ်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

သကြားစက်များ

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ကြံလုပ်ငန်း လက်အောက်တွင် သကြားစက်ရုံပေါင်း ၁၅ရုံရှိသည်။ စက်ရုံဟောင်းများဖြစ်သော အမှတ်(၂)သကြားစက်(ပျဉ်းမနား)၊အမှတ်(၃) သကြားစက်(ပျဉ်းမနား)၊ အမှတ်(၆) သကြားစက်(ရေတာရှည်)၊ အမှတ် (၈) သကြားစက်(ဇေယျဝတီ)၊ အမှတ် (၁၄)သကြားစက်(ဘီးလင်း)၊ အမှတ် (၁၆) သကြားစက်(ကျောက်တော်)နှင့် စက်ရုံသစ်များဖြစ်သော အမှတ်(၁) သကြားစက်(ဒဟတ်ကုန်း)၊အမှတ်(၄) သကြားစက် (တောင်စဉ်အေး)၊ အမှတ်(၅) သကြားစက် (မြို့လှ)၊ အမှတ်(၇) သကြားစက် (အုတ်တွင်း)၊ အမှတ်(၉) သကြားစက် (ရုံးဆိပ်)၊ အမှတ် (၁၀)သကြားစက် (ဒုရင်္ဂဗိုလ်)၊ အမှတ်(၁၁) သကြားစက် (အင်ငါးခွ)၊ အမှတ်(၁၂) သကြားစက် (နဝဒေး)၊ အမှတ်(၁၃) သကြားစက် (ဥက္ကံ) တို့ဖြစ်ကြသည်။

ရှင်းလင်းတင်ပြ

ကြေးမုံသတင်းအဖွဲ့သည် မြန်မာ့ကြံလုပ်ငန်း၏ ညှိနှိုင်း စီစဉ်မှုဖြင့် နိုဝင်ဘာ၁၉ရက်မှ ၂၂ရက်အထိ ပဲခူးတိုင်းအနောက်ခြမ်း စက်ရုံများသို့ သွားရောက်လေ့လာခဲ့သည်။ ရှေးဦးစွာ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ သကြားစက် အမှတ်(၁၃)သို့ သွားရောက် လေ့လာကြသည်။ အဆိုပါ သကြားစက်တွင် စက်ရုံမှူး ဦးထွန်းအောင်ကျော်နှင့်ဒု-စက်ရုံမှူး ဦးခင်မောင်တို့က ရှင်းလင်းပြသသည်။ ဥက္ကံသကြားစက်တွင် ၂၀၀၂-၂၀၀၃ ထုတ်လုပ်မှုနှစ်တွင် ကြံတန်ချိန် ၅၅၂၇၄ ဒသမ၁၅၆တန် ကြိတ်ဝါး၍ သကြားထွက်နှုန်း ၈ဒသမ၀၅ရာခိုင်နှုန်းဖြင့် သကြားအထွက် ၄၄၄၇ ဒသမ ၅၀တန် ရရှိသည်။

ကြိတ်ဝါးနှုန်း

၂၀၀၂-၂၀၀၃ခုနှစ် ကြံရာသီတွင် တစ်ရက်ပျမ်းမျှ ကြိတ်ဝါးနှုန်း ၁၀၉၈ ဒသမ၄၆တန် ကြိတ်ဝါးပြီး ကြိတ်ဝါးမှုစွမ်းရည် ၉၂ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် သကြားချက်လုပ်မှုစွမ်းရည် ၉၁ဒသမ ၂၀ရာခိုင်နှုန်းရှိသည်။ဥက္ကံသကြားစက်သည် ၂၀၀၃-၂၀၀၄ခုနှစ် ထုတ်လုပ်မှုနှစ်တွင် ကြံတန်ချိန် ၁၁၀၀၀၀ ဝယ်ယူကြိတ်ဝါး၍ သကြားအထွက်နှုန်း ၈ ဒသမ ၇၅ရာခိုင်နှုန်းဖြင့် သကြားတန်ချိန် ၉၆၂၅တန် ထုတ်လုပ်ပေးရန် လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။

ကြေးမုံသတင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ရက်တွင်ပဲခူးတိုင်းပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အင်ငါးခွကျေးရွာအုပ်စုရှိ သကြားစက် အမှတ်(၁၁) အင်ငါးခွစက်ရုံသို့ ရောက်ရှိလေ့လာကြသည်။ အင်ငါးခွစက်ရုံမှ စက်ရုံမှူး ဦးခင်မောင် ညွှန့်က လိုက်လံပြသရှင်းလင်းသည်။

အင်ငါးခွသကြားစက်ရုံသည် နိုဝင်ဘာ ၁၂ရက်က စတင်ကြိတ်ဝါးခဲ့ရာ ကြံတန်ချိန် ၈၀၀၀၀ ကြိတ်ဝါးရန်လျာထားရာတွင်နိုဝင်ဘာ ၁၈ ရက်အထိကြံတန်ချိန် ၆၄၄၈ဒသမ ၄၁၅ တန်ဝယ်ယူပြီး ၆၀၈၄ ဒသမ ၀၇၀တန် ကြိတ်ဝါးနိုင်ခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်အထိသကြား ၃၇၇ဒသမ၉၀တန် ထွက်၍ ၆ ဒသမ ၂၁ရာခိုင်နှုန်း သကြားထွက်ရှိသည်ဟု သိရသည်။

ပေါက်ခေါင်းမြို့နယ် အတွင်း ၂၀၀၂-၂၀၀၃ခုနှစ်တွင် ကြံသီးနှံစိုက်ပျိုးရေး လျာထားချက်မှာ အထူးဇုန်ဧက ၅၀၀၀၊ အထွက်တိုးဇုန် ဧက ၄၆၀၀၊ သာမန် ဧက ၉၉၀၀ ဖြစ်၍ စုစုပေါင်းဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာ ၂၀ရက်အတွင်း ၁၂၄၈၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။ လျာထားဧက ပြည့်မီရန်အတွက် ကျေးရွာအုပ်စုများ၌ရှိသော ကွင်းတစ်ကွင်းချင်းရှိ မြေအမျိုးအစားအဆင့်အတန်းမြင့်ပြီး ဖြစ်ထွန်းနိုင်သော မြေနေရာများကို ခွဲခြားသတ်မှတ်စီစဉ်ပြီးဖြစ်သည်ဟု သိရသည်။

ကြေးမုံသတင်းအဖွဲ့သည် ပြည်-မကွေး ကားလမ်းမကြီး၏ အနောက်ဘက်တွင်ရှိသော အောင်လံမြို့နယ် အမှတ် (၁၀)သကြားစက် ဒုရင်္ဂဗိုလ်သို့ နိုဝင်ဘာ ၂၁ရက်တွင် ရောက်ရှိသွားသည်။ ကြေးမုံသတင်းအဖွဲ့အား ဒုရင်္ဂဗိုလ် သကြားစက်ရုံမှူး ဦးစိန်လှိုင်က စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

လျာထားချက်

ဒုရင်္ဂဗိုလ် သကြားစက်ရုံသည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကြိတ်ဝါးကြံတန်ချိန် ၆၀၀၀၀ လျာထားပြီး သကြားတန်ချိန် ၅၂၅၀ ထွက်ရှိရန် သကြားထွက်ရာခိုင်နှုန်းအား ၈ ဒသမ ၇၅တန် လျာထားဆောင်ရွက်လျက်ရှိသည်။ ဒုရင်္ဂဗိုလ်သကြားစက်သည် ၂၀၀၂-၂၀၀၃ခုနှစ်က ကြံလျာထားတန်ချိန် ၈၁၅၄၁ တန် လျာထားပြီး ဝယ်ယူခဲ့ရာ ၄၄၉၀၈ ဒသမ ၅၁ တန်ဝယ်ယူရရှိခဲ့သည်။ ဝယ်ယူရရှိသော ကြံတန်ချိန်အနက် ကြိတ်ဝါးကြံတန်ချိန် ၄၄၆၄၇ ဒသမ ၀၉တန်ကို ကြိတ်ဝါးခဲ့ရာ သကြားတန်ချိန် ၄၀၁၆ ဒသမ ၀၅ တန်၊ ရာခိုင်နှုန်းအားဖြင့် ၉ရာခိုင်နှုန်းထွက်ခဲ့သည်။

ဆောင်ရွက်လျက်ရှိ

ဆက်လက်၍မကွေးတိုင်း အောင်လံမြို့နယ် ရုံးဆိပ်ရွာအနီးရှိ အမှတ်(၉) သကြားစက် ရုံးဆိပ်သို့ နိုဝင်ဘာ ၂၂ ရက်တွင်သွားရောက်လေ့လာကြသည်။ ရုံးဆိပ်သကြားစက်သည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကြံတန်ချိန် ၅၀၀၀၀ ဝယ်ယူကြိတ်ဝါး ထုတ်လုပ်ရန် လျာထားပြီး သကြားတန်ချိန် ၄၃၇၅ တန်ထွက်ရှိရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ။ **(ကြေးမုံ)**

ပြည်နယ်နှင့် တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များကို ဇန်နဝါရီ ၁၄ရက်မှ ၂၅ရက်အထိ အထက် မြန်မာပြည် စစ်ကိုင်းတိုင်း မုံရွာမြို့နှင့်အောက်မြန်မာပြည် ဧရာဝတီတိုင်း ဟင်္သာတမြို့တို့၌ ကျင်းပပြီး ဒုတိယအဆင့်အုပ်စုအမှတ်ပေးပြိုင်ပွဲများကို ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၉ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

e-Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

၁၂-၁-၂၀၀၄ (တနင်္လာနေ့)

- Error Analysis (2)
- Psycholinguistics (2)

၁၃-၁-၂၀၀၄ (အင်္ဂါနေ့)

- Business English (2)
- Error Analysis (3)

၁၄-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- Psycholinguistics (3)
- Business in English (3)

၁၅-၁-၂၀၀၄ (ကြာသပတေးနေ့)

- Presentation Skills (1)
- Functioning in English (1)

၁၆-၁-၂၀၀၄ (သောကြာနေ့)

- Presentation Skills (2)
- Functioning in English(2)

၁၇-၁-၂၀၀၄ (စနေနေ့)

- အဝေးသင်တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအတွက်သင်ခန်းစာများ

၁၈-၁-၂၀၀၄ (တနင်္ဂနွေနေ့)

- အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ကျောင်းသားများအတွက်သင်ခန်းစာများ

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၄ခုနှစ် မတ်လ ၂၇ရက်တွင်ကျရောက်မည့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာ ရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ် သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀အတွင်း ရေးသားကြရမည်။ ပြိုင်ပွဲဝင်ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀ အတွင်း ရေးသားကြရမည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ **"နိုင်ငံအကျိုးကို သက်စွန့်ကြိုးပမ်း သယ်ပိုးနေသော တပ်မတော်"** ဟူ၍ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားထားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံပတ်စ်ပို့အရွယ်(၁လက်မခွဲ x၂လက်မ)ဓာတ်ပုံနှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး၊ တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ပေးပို့ကြရန်ဖြစ်သော်လည်း ပြိုင်ပွဲဝင်များ ပိုမိုအချိန်ရရှိစေရန်အတွက် နောက်ဆုံးထား ပေးပို့ရမည့်ရက်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ရက်တိုးမြှင့်သတ်မှတ်လိုက်သည်။

(သတင်းစဉ်)

ကံမအထက

ကျောင်းသား/ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၉

သရက်ခရိုင် ကံမမြို့ အထက ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)၏ ကံမအထကမှပညာထူးချွန်ကျောင်းသား၊ ကျောင်းသူ ဂုဏ်ပြုဆုပေးပွဲကို ကံမ အထက မြဝတီခန်းမ၌ ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်သည်။

ကံမအထကတွင် အနည်းဆုံးနှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရပ်ဝေးရောက်ဆရာကြီး၊ ဆရာမကြီးများနှင့် ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒုတိယဗိုလ်မှူးကြီး ဝင်းအောင် ဥက္ကဋ္ဌ ဖုန်း-၅၄၁၇၇၃၊ ၃၈၁၈၄၀၊ ဦးသိန်းတန် အတွင်းရေးမှူး ဖုန်း-၂၄၄၁၀၅၊ ဦးစန်းလွင်ကျောင်းအုပ်ကြီး အထက ကံမမြို့၊ ဦးအောင်တိုး ဖုန်း-၀၉၈၉၂၄၇၇၃၊ ဦးစိုးငြိမ်း ဖုန်း-၂၄၄၇၆၀တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းကြရန်နှိုးဆော်ထားသည်။

ရပ်ဝေးမှ လာရောက်ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအတွက် အထက ကံမ၌ နေထိုင် စားသောက်ရေးများ ကြိုတင်စီစဉ်ထားရှိမည်ဖြစ်ပြီး ရန်ကုန်မှ လိုက်ပါကန်တော့လိုသူများအတွက် ဇန်နဝါရီ ၁၇ရက်(စနေနေ့) နံနက် ၇နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံရှေ့ စုရပ်မှ ကားများစတင်ထွက်မည်ဖြစ်သည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်
(၁၁-၁-၂၀၀၄)ရက်နေ့နှင့် (၂၅-၁-၂၀၀၄)ရက်နေ့

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား မီးသတ်တပ်ဖွဲ့တီးဝိုင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် ယနေ့ မွန်းလွဲပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်တီးဝိုင်းပြိုင်ပွဲ၌ ဝင်ရောက်သရုပ်ပြမည့် မီးသတ်တပ်ဖွဲ့တီးဝိုင်း၏ လေ့ကျင့်တီးခတ်မှုကို ကြည့်ရှုစစ်ဆေးရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ တက်ရောက်ကြပြီး လေ့ကျင့်တီးခတ်မှု အပြီးတွင် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့၏(၁/၂၀၀၄)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်သူများကလည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး အစည်းအဝေးရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးသုတေသနအဖွဲ့ အားကစားဆုချီးမြှင့် ဝန်ထမ်းများဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် စံပြမူကြို ပဒေသာကပွဲနှင့် စုံညီပွဲတော်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ စံပြမူကြိုမြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဟန်ကအမှာစကားပြောကြားပြီး အမျိုးသားဘောလုံးပြိုင်ပွဲ ဆုရအသင်းများအား ဆုများချီးမြှင့်သည်။ ဆက်လက်၍ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌက စံပြမူကြို ပဒေသာကပွဲနှင့် စုံညီပွဲတော်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

(အပေါ်ယာပုံ) (က-ပ)

ဘက်စုံထူးချွန်ဆု

မင်္ဂလာတောင်ညွန့်မြို့နယ်အမက (၂၁)၏ ၂၀၀၃-၂၀၀၄ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက်က ကျင်းပရာ သူငယ်တန်းမှ ဘက်စုံထူးချွန်ဆုရ မသဲဆုစိုးနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ရှိန်က ဆုချီးမြှင့်စဉ်။

(က-ပ)

ကျိုင်းတုံမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၉

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက် ည ၉နာရီခွဲတွင် သတင်းအရကျိုင်းတုံမြို့နယ်ကတ်ထိုက် ကျေးရွာအုပ်စု ကောင်းကြဲကျေးရွာအနီး ဦးဟိုကျန်၏သား စိုင်းပျန်းနေထိုင်သည့် တောင်ယာတဲ ခန့်မှန်းမြေပုံညွှန်း (အယ်လ်ပီ-၅၃၈၂)ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိုင်းပျန်းအား ဖမ်းဆီးရမိခဲ့ပြီး တောင်ယာတဲ၏ အရှေ့ဘက်ကိုက် ၂၀၀ခန့်အကွာ တောင်စောင်းသို့ ဆက်လက်ရှာဖွေခဲ့ရာ တောင်စောင်း၌ သိုဝှက်ထားသော SR တံဆိပ်ပါ စိတ်ကြွရူးသွပ်ဆေးပြား ပြုလုပ်သည့် လက်လှည့်စက်တစ်လုံး၊ BONNY တံဆိပ်ပါ လက်လှည့်ကြိတ်စက် တစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြားအခြောက်ခံသည့် သံလင်ဗန်းအဝိုင်း တစ်ခု၊ ကီလိုချိန်ခွင်တစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြားပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးမှုန့် ၆၀ထုပ်၊ ပွိုင့်-၂၂ ကျည်ဖြင့် အသုံးပြုသည့် ပြောင်းသုံးခုပါ လေးထောင့် မီးခြစ်ဘူးပုံ သေနတ်တစ်လက်နှင့် မှတ်တမ်းစာအုပ်သုံးအုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ စိုင်းပျန်းအား စစ်ကြောဖော်ထုတ်ချက်အရ ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် တန်နားလုံရပ်ရှိ ယင်း၏နေအိမ်ကို ပူးပေါင်းအဖွဲ့က ပိတ်ဆို့ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ယာဉ်အမှတ် ဗ/၅၂၄ VAN အမျိုးအစား ယာဉ်တစ်စီး၊ ယာဉ်အမှတ် ၂၈/၁၉၈၆ (Nissan Condor) အမျိုးအစား ယာဉ်တစ်စီး၊ ယာဉ်အမှတ် ၁ယ/၃၅၄၇ DT အမျိုးအစား(အဖြူရောင်) ဆိုင်ကယ်တစ်စီး၊ ယာဉ်အမှတ်(မပါ) Wave အမျိုးအစား (ခဲရောင်) ဆိုင်ကယ်တစ်စီး၊ မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်ထားသည့် စာရင်းနှင့် စာရွက်စာတမ်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ရက် နံနက် ၇နာရီခွဲခန့်တွင် ယင်း၏အစ်ကိုဖြစ်သူ စိုင်းရှဲန်အား ကောင်းကြဲကျေးရွာအနီးရှိ ၎င်း၏ တောင်ယာတဲသို့ ရောက်ရှိလာစဉ် ပူးပေါင်းအဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိတရားခံ စိုင်းရှဲန်းနှင့် စိုင်းပျန်းတို့အား ဆက်လက်စစ်ကြောမေးမြန်းချက်များအရ ဇန်နဝါရီ ၁ရက် ညနေ ၄နာရီခွဲခန့်တွင် ပူးပေါင်းအဖွဲ့သည် ၎င်းတို့၏ ဥယျာဉ်ခြံအတွင်း သွားရောက် ရှာဖွေခဲ့ရာ တောင်ယာတဲ၏ တောင်ဘက်ကိုက် ၁၀၀ခန့်အကွာ လျှိုအတွင်းရှိ ဝါးရုံ၌ မြက်ခြောက်များနှင့် ဖုံးအုပ်ထားသော ပြောက်ကျားကျောပိုးအိတ် တစ်လုံးအတွင်း လေးထောင့်သံပုံးဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေး ၂၀၅၂၅ပြား၊ အက်ဖ်ဒရင်း သုည ဒသမဝကီလို၊ ဓာတုဆေးမှုန့် ၁၃ထုပ်၊ အက်ဖက်ဒရင်းမှုန့်နှင့် ဓာတုဆေးမှုန့်များ ရောစပ်ထားသော အမှုန့် ၄၈ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ပြုလုပ်ရန်အသင့်ရောစပ်ပြီးသော ပန်းရောင်ဓာတုဆေးမှုန့် သုည ဒသမ ၄ ကီလို ၊ ပွိုင့် -၂၂ ပစ္စတိုတစ်လက်၊ ၎င်းကျည်ငါးတောင့်နှင့် ကျည်ကတ်တစ်ခုတို့ကိုထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများကို သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရေနံချောင်းစက်မှုဇုန်နှင့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် တာဝန်ရှိသူများလိုက်ပါလျက် မကွေးတိုင်းအတွင်း တည်ဆောက်လျက်ရှိသော မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ ဇန်နဝါရီ ၃ရက်တွင်ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေနံချောင်းစက်မှုဇုန်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၄ရက်တွင် မကွေးတိုင်း ရေနံချောင်းစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရေနံချောင်း စက်မှုဇုန်မှ တီထွင်ထုတ်လုပ်ထားသည့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် နောက်တွဲယာဉ်စမ်းသပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ ပေးပို့လာမည့် ဓာတ်အားများကိုလက်ခံဖြန့်ဖြူးပေးမည့် တောင်တွင်းကြီး ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေါင်းလောင်းရေအားလျှပ်စစ်

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၅ ရက်တွင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ မြေအောက် ဓာတ်အားပေးစက်ရုံ၌စက်များတပ်ဆင်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်မှ ရေများထုတ်လွှတ်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရဲနွယ်ရေအားလျှပ်စစ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ရက်တွင် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေညှိခြင်းလုပ်ငန်း၊ ထုတ်ချင်းပေါက်ဖောက်လုပ်ပြီးစီးသွားသည့် ရေယူ ဥမင်လိုဏ်နှင့် ဥမင်လိုဏ်အတွင်းရှိ ရေလှောင်ထိန်းစည် တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် စီမံကိန်းမှ တာဝန်ရှိသူများက စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မတမံတည်ဆောက်ရန် အောက်ခြေမြေသားလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

အင်္ဂလိပ်စာစကားပြောနှင့် သဒ္ဒါသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၉

ENGLISH(U.M.N)အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းမှ ပြည်တွင်း၊ ပြည်ပ နေရာအသီးသီး၌ အခြေအနေအမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးတို့တွင် အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောဆိုနိုင်ရန်“What to say”ဘာပြောရမလဲနှင့်“How to say” ဘယ်လိုပြောရမလဲဆိုသည်ကို ကျွမ်းကျင်စွာပြောဆိုနိုင်ရန် စနစ်တကျသင်ပေးနေသည်။ Tour guide ဝင်ခွင့်သင်တန်းလည်းရှိသည်။

ဖွင့်လှစ်သင်ကြား

Grammarစစ်စစ်ကိုအရေးအသားဘာသာပြန်နှင့် စာမေးပွဲဝင်ခွင့် မေးခွန်းပုံစံများကို မေးတတ်၊ ဖြေတတ်စေရန် ခေတ်မီသင်ရိုးဖြင့် တတ်မြောက်အောင်သင်ပေးနေသည်။ Speaking နှင့် Grammar တို့ကိုဆရာ English (U.M.N) ကိုယ်တိုင်သင်ပေးနေသည်။ ဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ သီးသန့်တန်းခွဲသစ်များ ဖွင့်လှစ်ပေးလျက် အထူးအစီအစဉ်အနေဖြင့် နွေရာသီတွင် ကလေးတန်းများကို သီးသန့်တန်းခွဲများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်သွယ်နိုင်

ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် တစ်လသီးသန့်သင်တန်းများ၊ ဗီဇာဝင်ခွင့်သင်တန်းများ အိမ်အရောက် Home သီးသန့် သင်တန်းများကိုလည်း တတ်မြောက်အောင် သင်ကြားပေးနေသဖြင့် သင်တန်းတတ်ရောက်လိုသူများ အမှတ်(၁၅၄)၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်၊ဖုန်း–၇၀၈၅၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

လှိုင်းဘွဲ့ ဒီဇင်ဘာ ၃၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက လှိုင်းဘွဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက အမှာစကားပြောကြားပြီး အကဲဖြတ်အမှတ်ပေးဒိုင်ချုပ် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမျိုးသိုက်က အမှတ်ပေးနည်းစနစ်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပပြီး ဆုရရှိသူကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့အား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

ဇန်နဝါရီ ၅ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၂–၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင် အခမ်းအနား ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဖေမာန် အဖွင့်အမှာစကားပြောကြားစဉ်။

(၄၉)

မော်လမြိုင်ကျွန်းမြို့ အထက(၁) သတ္တမအကြိမ်မြောက် ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁)အစိုးရအထက်တန်းကျောင်း ရန်ကုန်ရောက်အဝေးရောက်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက်မြတ်ဆရာပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဇန်နဝါရီ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အမှတ်(၅၂၈) အောက်ကြည့်မြင်တိုင်လမ်း မိဘမေတ္တာထမင်းဆိုင်၌ ညှိနှိုင်းဆွေးနွေးမည်ဖြစ်သည်။ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

(က–ပ)

သောင်ကြီး–ဒိုက်ပျက် ကျောက်ချောလမ်း တိုင်းညွှန်ကြားရေးမှူးနှင့်အဖွဲ့ စစ်ဆေး

ကျုံပျော်မြို့ ဇန်နဝါရီ ၅

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော သောင်ကြီး–ဒိုက်ပျက်လမ်း ကျောက်ချောလမ်းခင်းခြင်းကို ဒီဇင်ဘာ ၁၈ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုခဲ့ရာ အမှုဆောင် အရာရှိဦးသန်းအေးနှင့် အငယ်တန်း အင်ဂျင်နီယာ–၂(မြို့ပြ)ဦးခင်မောင်ဖြူတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး တိုင်းညွှန်ကြားရေးမှူးက လိုအပ်သည်များကို မှာကြားသည်။

(က–ပ)

ပခုက္ကူအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ပခုက္ကူ ဇန်နဝါရီ ၁

ပခုက္ကူအသင်း(ရန်ကုန်)၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ပခုက္ကူအသင်းဝင်များ၏ ၂၀၀၂–၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရှင်သား၊ သမီးများနှင့် ၂၀၀၃ ခုနှစ် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဆုရ အသင်းဝင်များ ဂုဏ်ပြုပွဲနှင့်အတူ ဇန်နဝါရီလ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင် သက်ကြီးများ၊ ဂုဏ်ထူးရှင်များ၊ ဆုရအသင်းဝင်များ၏ သား၊ သမီးများသည် ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ဖုန်း–၅၃၅၄၉၆၊ ဒု–ဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း–၃၇၀၉၆၁၊ ဦးသန်းမြင့် ဖုန်း–၆၄၂၄၄၅၊ ၆၄၂၉၃၀၊ အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း–၃၇၂၃၃၀ တို့သို့ အထောက်အထားမိတ္တူများနှင့် စာရင်းပေးပို့ရန်နှင့် အသင်းမဝင်ရသေးသူများ အသင်းဝင်နိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က–ပ)

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို နောင်စီပေါကျေးရွာအုပ်စု၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ မြစ်ကြီးနားခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာဥက္ကဋ္ဌသို့ ပေးအပ်စဉ်။

(လဝက)

ပထမအကြိမ် အမျိုးသားကာကွယ်ဆေး တိုက်ကျွေး

ကလေးဝ ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ပထမအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနားကိုကလေးဝမြို့နယ် ဆေးရုံခန်းမတွင် ဒီဇင်ဘာ ဒုတိယပတ် နံနက် ၆ နာရီတွင် ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌဦးမွန်လတ်က ငါးနှစ်အောက်ကလေးငယ်တစ်ဦးအား ပိုလီယိုအကြောသေကာကွယ်ဆေး တိုက်ကျွေးကာ ဖွင့်လှစ်ပေးသည်။ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးတင့်ရွှန်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီ အသင်းဝင်များက ငါးနှစ်အောက်ကလေးငယ် ၈၁၈၄ ဦးကို အမျိုးသားကာကွယ်ဆေး တိုက်ကျွေးကြကြောင်း သိရသည်။

(က–ပ)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့ မြို့မ(၆)ရပ်ကွက် ကမ်းနားလမ်း ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကိုရီးယားဘာသာစကား သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၉

ကိုရီးယား ဘာသာစကား စိတ်ပါဝင်စားသူများအတွက် အခြေခံနှင့် အဆင့်မြင့် ကိုရီးယားဘာသာစကားကို ဆရာမ ဒေါ်ခိုင်စပါယ် (Dip. in Korean Y.U.F.L) ကိုယ်တိုင် အရေး၊ အဖတ်၊ အပြောနှင့် နားထောင်နိုင်စွမ်းများကို ကျွမ်းကျင်သည်အထိ လေ့ကျင့် သင်ကြားပေးမည်ဖြစ်သည်။

အင်္ဂလိပ်နှင့် မလေးရှား ဘာသာစကား သင်တန်းများလည်း ဖွင့်လှစ်ထားပြီး သင်တန်းတက်ရောက်လိုသူများသည် ဂျွန်ဂျင်း ကိုရီးယားနှင့် နိုင်ငံခြားဘာသာသင်တန်းများ စင်တာ အမှတ် (A-3) ပါရမီလမ်းနှင့် သံသုမာလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၇၃၃၈၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၉

ဆရာတိုနီ ဦးစီးသော O.B.F Language Centre တွင် ကျောင်းသား၊ ကျောင်းသူများ၊ အလုပ်ခွင်ဝင်မည့် သူများအတွက် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြော သင်တန်းများ၊ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်၍ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းများကို ဆရာတိုနီက သင်ကြားပို့ချပေးမည်ဖြစ်ရာ တက်ရောက်လိုသူများ အမှတ်(၂၃၃) ပထမထပ် ၃၅လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

အငယ်တန်းသတင်းထောက်များ အလိုရှိသည်

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (လစာနှုန်း ကျပ် ၅၄၀၀-၁၀၀-၅၉၀၀)နေရာ (၄)နေရာ လစ်လပ်လျက်ရှိပါသည်။ အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိရမည်။
၂။ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)
၃။ နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (အမျိုးသားများသာ လျှောက်ထားသင့်ပါသည်။)
၄။ အင်္ဂလိပ်စာအခြေခံရှိပြီး အင်္ဂလိပ်စာကို အထူးဝါသနာပါသူဖြစ်ရမည်။
၅။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။
၆။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ တင်ပြရမည်။
၇။ သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။
၈။ လျှောက်လွှာများကို ၃၀-၁-၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီ နောက်ဆုံးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၊ အမှတ်(၂၁၂) သိမ်ဖြူလမ်း၊ သတင်းဌာနမန်နေဂျာထံ ပေးပို့ကြရမည်။

အရည်အချင်းစစ်ဆေးရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

မင်္ဂလာဆုတောင်း

၁၀-၁-၂၀၀၄နေ့တွင်ကျရောက်မည့် ဦးလှမောင် သံအမတ်ကြီး (ငြိမ်း)/အကြံပေးပုဂ္ဂိုလ်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်မြင့်တို့၏ (၄၉)နှစ်မြောက်မင်္ဂလာနေ့မှ နောင်နှစ်ပေါင်းများစွာ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ မြစ်၊ တီ၊ တွတ်များဖြင့် ကျန်းမာပျော်ရွှင်စွာ နေနိုင်ပါစေ။

ခင်မာနွယ်-ခင်မောင်အေး
ခင်မာသွယ်-တင်ဝင်းဦး
ဒေါက်တာသန်းလှအောင်-ဒေါက်တာသွယ်ဦး
ဒေါက်တာစိုးလှအောင်၊ မောင်သန်းဇော်၊ မောင်စိန်ဘန်း၊
မြေးများ-အောင်နိုင်ထူး၊ အိရွှေဇင်၊ အေးချမ်းသူ၊
မြင့်သီဂိဝင်း၊ မလင်းလဲ့အောင်။

အများသိစေရန်

ရန်ကုန်တိုင်း၊လမ်းမတော်မြို့နယ်၊လှည်းတန်းလမ်း၊ အမှတ် (၁၇/၁၉)နေ ဦးမျိုးဦး [၁၂/လမတ(နိုင်)၀၂၅၉၀၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၄ (စက်မှု)၊ မြေကွက်အမှတ်(၁၀၃)၊ လူနေရပ်ကွက်(စက်မှု)၊ ဧရိယာ (အလျား ၂၇၂ပေ/၂၆၉ပေ×အနံ၅၇၆ ပေ/၄၅၁ပေ)၊ (၃၁သမ၃၇၃)ကေနှင့် မြေကွက်အမှတ် (၁၀၆)၊ ဧရိယာ (အလျား ၂၅၅ ပေ/၃၀၁ ပေ × အနံ ၃၅၃ ပေ/၄၅၁ ပေ)၊ (၂၁သမ၄၇၁) ဧကရှိနှစ်(၆၀) ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များသည် အမှတ်(၁၀၃)နှင့်(၁၀၆)၊(၆၄-စက်မှု)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုန်အပိုင်း(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ ကွန်ပ်၏အမှုသည် ဦးမျိုးဦးသည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ အမှုသည်ထံသို့ဖြစ်စေ၊ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းဝင်း (တရားရုံးချုပ်ရှေ့နေ)၂၁၇၂
B.A (LAW) LL.B (Advocate),
D.B.L, D.M.L, D.A.P
အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၆၁၂၂၃၊ ၅၇၈၅၅၀၊ ၂၄၇၀၈၄။





NAING Group CONSTRUCTION CO., LTD. အိမ်ရာအထူးရောင်းချပွဲ (၂၀.၁.၂၀၀၄) နေ့အထိသာ

ရောင်းချရန် ရက်အနည်းငယ်သာ ကျန်ပါတော့တယ်..........အမြန်ဝယ်ယူထားမှ စိတ်ချရမယ်။

အိမ်ရာအထူးရောင်းချပွဲရက်များအတွင်း ဝယ်ယူအားပေးဖြစ်ကြသော မိတ်ဆွေများအား လိုက်လံပို့ဆောင်ကျေးဇူးတင်ရှိပါသည်

ကံ့ကော်တိုက်(Kant Kaw Condo)

30% OFF

Type-A (1680-sq-ft) (1470-sq-ft)
Type-B (1624-sq-ft) (1421-sq-ft)
Type-C (1792-sq-ft) (1638-sq-ft)

Verandah,Shrine,living,
Master Bed Room-2,
Dining,Kitchen
Maidroom- (Total: 9.Rooms)
Room Type
- Readymixed Concrete
- Transformer,Generator

အမှတ် (၆၀) ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

သစ်ခွတိုက်(Thitkhwa Condo)

30% OFF

Standard Room (840.sqft.)
Verandah,Shrine,living,Single Bed Room,
Master Bed Room,Dining,
Kitchen- (Total: 6.Rooms) **Room Type**
Special Suite Room (1600.sqft.)
Verandah,Shrine,Living,
Master Bed-room ,Double bed room,
Single bedroom,Dining,Kitchen,
Maid Room, (Total: 9.Rooms) **Room Type**
- V-pile Foundation,Readymixed Concrete
- Transformer , Generator
- Roof Slab ပေါ်တွင် relax area နှင့် ကလေးကစားကွင်း ပါရှိ

အမှတ် (၁၈၁–၁၈၃–၁၈၅) ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။

25% OFF

- 600-sq-ft (Hall Type)

နေထိုင်ရန် အသင့် အနေအထား ဆောက်လုပ်ပြီး
ရုံးကုမ္ပဏီဖွင့်ရန် အချက်အချာနေရာ၊ ကုမ္ပဏီရုံးခန်း
စီးပွားရေးလုပ်ငန်းများလုပ်ရန် အသင့်တော်ဆုံးနေရာ

ရောင်းရန်တိုက်ခန်းအနည်းငယ်သာကျန်တော့သည်။

အမှတ် (၁၁၇–၁၂၇) ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

နှင်းဆီတိုက်(Hnin Si Condo)

30% OFF

Standard Room (1392.sqft.)
Verandah,Shrine,living,Single Bed Room,
Master Bed Room-2 rooms,Dining,Kitchen
-(Total: 8.Rooms) **Room Type**
Special Suite Room (2784.sqft.)
Side Seen Room,Shrine,Living,Study Room,
Master Bed-room 4-rooms,Dining,Kitchen,Maid Room,
(Total: 11.Rooms) **Room Type**
- V-pile Foundation,Readymixed Concrete
- Transformer,Generator

- ဝယ်ခွင့်ကို ရောင်းချသူ ကုမ္ပဏီမှ တာဝန်ယူ ပေးဆောင်မည်။

အမှတ် (၁၈၂–၁၉၄) ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။



အမှတ် (၅၆)
လှည်းတန်းလမ်း၊
လမ်းမတော်မြို့နယ်။

- (1225-sq-ft)
- Readymixed Concrete

20% OFF

ရောင်းရန်တိုက်ခန်းအနည်းငယ်သာကျန်တော့သည်။

30% OFF

- (850-sq-ft)
- Readymixed Concrete
- Transformer

စီးပွားရေးလုပ်ငန်းများလုပ်ရန်
အသင့်တော်ဆုံးနေရာ

အမှတ် (၈၃) ၉၄ လမ်းနှင့်
မြန်မာ့ဂုဏ်ရည်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

30% OFF

- (930-sq-ft) Hall Type
- (1040-sq-ft) Hall Type
- Readymixed Concrete
- Transformer

အမှတ် (၃၈–၄၀) ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

အခန်းများငွေပေးချေမှုစနစ်

စဉ်	အဆောက်အဦ အမည်	မြို့နယ်	စရံငွေ	လစဉ်ပေးသွင်း ရမည့်ငွေ	အခန်းအပ်ပေးသွင်း ရမည့်ငွေ	အဆောက်အဦ ပြီးစီးမည့်ရက်
၁	ကံ့ကော်တိုက်	ဒဂုံ	၆၀%	၅%–၆–လ	၁၀%	၃၀-၉-၂၀၀၄
၂	သစ်ခွတိုက်	ဗိုလ်တထောင်	၆၀%	၅%–၆–လ	၁၀%	၃၀-၉-၂၀၀၄
၃	နှင်းဆီတိုက်	ပုဇွန်တောင်	၂၅%	၃%–၂၅–လ	၃%	၃၀-၁၂-၂၀၀၅
၄	အမှတ်(၃၈–၄၀)ဗိုလ်ရာညွန့်လမ်း	ဒဂုံ	၄၀%	၁၀%–၅–လ	၁၀%	၃၀-၆-၂၀၀၄
၅	အမှတ်(၆၇–၆၉)ဓမ္မာရုံလမ်း	စမ်းချောင်း	၄၀%	၈%–၇–လ	၄%	၃၀-၉-၂၀၀၄
၆	အမှတ်(၈၃)(၉၄)လမ်း	မင်္ဂလာတောင်ညွန့်	၄၀%	၈%–၆–လ	၁၂%	၃၀-၈-၂၀၀၄
၇	အမှတ်(၅၆)လှည်းတန်းလမ်း	လမ်းမတော်	၂၅%	၈%–၈–လ	၁၀%	၃၀-၁၀-၂၀၀၄
၈	အမှတ်(၁၁၇–၁၂၇)(၃၃)လမ်း	ကျောက်တံတား	၉၀%	–	၁၀%	BCC ကျပြီး

အမှတ် (၆၇–၆၉)
ဓမ္မာရုံလမ်း၊
စမ်းချောင်းမြို့နယ်။

30% OFF



(1120-sq-ft)
- Readymixed Concrete
- Transformer

မှတ်ချက် - ပထမ- နှစ်ခန်းတွဲ အမှတ် (၁၅၂) ဗိုလ်ချုပ်လမ်း (၄၆)လမ်းထိပ်၊ ကုမ္ပဏီရုံးခန်းစီးပွားရေးလုပ်ငန်းများအတွက် အသင့်တော်ဆုံးနေရာကိုယ်ပိုင်မီတာ၊ ရေမော်တာ(အသင့်ပြင်ဆင်ပြီး ပြောင်းပြီးပါကား) 25% OFF

အရောင်းပြခန်း - NO.60, BO YAR NYUNT ST., DAGON TOWNSHIP, YANGON, MYANMAR.TEL: 95-1-381040 . 243312,
HEAD OFFICE - NO.229, ANAWRAHTA ROAD, PABEDEN TOWNSHIP, YANGON, MYANMAR.TEL: 95-1-248082 , 375491 , 381751.
09-99-22583, 09-99-27389 , 09-80-21120 , 09-80-20373 , 09-80-16298 , 09-99-23935

နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ချစ်ဖေဖေ၊ ချစ်အစ်ကိုကြီး ဦးစိန်လင်းနှင့်ချစ်မေမေ ချစ်အစ်မကြီး ဒေါ်ရီရီမြင့်(စိန်နှင့်မြ–ရွှေဆိုင်)တို့၏ နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများစွာဖြင့် ချစ်သား၊ ချစ်သမီးများတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေ–––။

ချစ်သမီးများ – မဝင်းမာလင်း B.Sc(Q)M.Sc(Credit) (Chem;)
မမိုးခိုင်လင်း B.Sc(Hons)M.Sc 1st Year (Engineering Phys;)
မခင်ချိုလင်း B.Sc(Phys;)
မကေသွယ်လင်း EGTI (Civil) Final Year (Eng;)

ချစ်သား – ဗိုလ်လောင်းမြတ်မင်းကို 3rd Year (D.S.T.A) (ပြင်ဦးလွင်)

ချစ်ညီမများ – ဦးတင်ဦး–ဒေါ်ယဉ်ယဉ်မြင့်(ယဉ်ယဉ်မြင့်–ရွှေဆိုင်)
မမြင့်မြင့်အေး(H.G.P)(ပြည်ကျော်–ရွှေဆိုင်)
မအေးအေးမြင့် B.Sc(Chem;)(D.C.P.T)
ကိုမောင်မောင်ဦး–မမြင့်မြင့်ခင်နှင့်တူ၊ တူမများ။

(၁၀)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ **ဦးတင့်လွင်** (Project Manager And Technical Coordinator) Ghana Agro Food Co., Ltd. နှင့် မေမေ **ဒေါ်မူမူသက်**တို့၏ (၁၀)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် အနှစ်(၁၀၀)တိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပေါင်းသင်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက်. . .။

တစ်ဦးတည်းသော ချစ်သမီးလေး – အိမ့်မျက်ချယ်လွင် (Pri°-°III (A) I.L.B.C)

— — — — — — — —

မွေးနေ့ဆုတောင်း

ဦးတင့်လွင်၏ ၉–၁–၂၀၀၄တွင် ကျရောက်သော မွေးနေ့မှသည် ပျော်ရွှင်သော မွေးနေ့ပေါင်းများစွာကိုပိုင်ဆိုင်နိုင်ပါစေ. . .။

ဇနီး – မူမူသက်၊ သမီးလေး – အိမ့်မျက်ချယ်လွင် (Pri°-°III (A) I.L.B.C)



၁၉၆၆–၇၃ခုနှစ်၊ ဆေးတက္ကသိုလ်(၁)
ကျောင်းသား၊ ကျောင်းသူများ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲ

နှစ်စဉ်ပြုလုပ်မြဲ မိတ်ဆုံပွဲကို အတန်းသားသူငယ်ချင်းများအားလုံး စုံစုံညီညီ တက်ရောက်ကြဖို့ ဖိတ်ကြားအပ်ပါတယ်။

နေ့ရက် – ၁၈–၁–၂၀၀၄ (တနင်္ဂနွေနေ့)
အချိန် – ညနေ(၆:၀၀)နာရီ
နေရာ – PANDA HOTEL အပေါ်ဆုံးထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်အပ်နှင်းသည့် သီဟသုဓမ္မသိင်္ဂိဘွဲ့တံဆိပ်တော်အား ဒေါ်ဝင်းဝင်းငွေ(ခ)မငယ် အောင်ရတနာဝင်းပွဲရုံမှ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးမျိုးဟိန်း–ဒေါ်ခင်ချို-M.H.L.G Co.,Ltd.

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်အပ်နှင်းသည့် သီရိသုဓမ္မသိင်္ဂိဘွဲ့တံဆိပ်တော်အား ဒေါ်ဝင်းဝင်းအေး(ခ)မကြီး ရတနာဝင်းပွဲရုံမှ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးမျိုးဟိန်း–ဒေါ်ခင်ချို-M.H.L.G Co.,Ltd.

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ဆံပင်ညှပ်ကျွမ်းကျင်	အမျိုးသား	(၅) ဦး
၂။ အလုပ်သင်	အမျိုးသား	(၅) ဦး
၃။ ဆေးကြီ	အမျိုးသား	(၂) ဦး
၄။ ဒရိုင်ဘာ	အမျိုးသား	(၁) ဦး

အမှတ်စဉ်(၁)၊ (၂)နှင့်(၃)တို့အတွက် လျှောက်ထားသူသည် ရုပ်ရည်သန့်ပြန့်ရမည်။ အိမ်ထောင်မရှိ(လူပျို)ဖြစ်ရမည်။ အသက်(၁၈–၂၅)နှစ်အတွင်းဖြစ်ရမည်။ အမှတ်စဉ်(၄)အတွက် အသက်(၂၅–၃၅)နှစ်အတွင်းဖြစ်ရမည်။ ရာထူးအားလုံး မြန်မာနိုင်ငံသားဖြစ်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

မှတ်ချက်။ ။ နေရေး၊ စားရေး၊ စီစဉ်ပေးမည်။

BRIGHT STAR ONE

ပင်ရင်း– အမှတ်(၂၅၂)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ဖုန်း – ၅၅၆၈၈၁။

ဝန်ထမ်းအလိုရှိသည်(မြန်မာကျပ်ငွေဖြင့်သာ)

၁။ Admin Manager (Any Graduate) — **ကျား (၁) ဦး**
စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် လုပ်သက်အနည်းဆုံး(၃)နှစ် ရှိရမည်။ အင်္ဂလိပ်စာအရေး၊ အပြောကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်ရမည်။ Computer တတ်ကျွမ်းသူကို ဦးစားပေးမည်။ ရုပ်ရည်သန့်ပြန့်ပြီး အသက် ၃၅–၄၅နှစ် အတွင်းဖြစ်ရမည်။

၂။ Chief Accountant (B.Com, CPA (or) D.A) — **ကျား/မ (၁) ဦး**
လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။ Computerise Accounting ကျွမ်းကျင်ရမည်။ Final Account ရေးဆွဲနိုင်ရမည်။

၃။ Export & Import Cleamce ကျွမ်းကျင် — **ကျား/မ (၁) ဦး**
ရိုးသားကြိုးစားပြီး၊ Export & Import ကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။

၄။ အအေးခန်းကျွမ်းကျင် — **ကျား (၃) ဦး**
ကုန်ကြမ်းမှကုန်ချောထွက်၊ အအေးခန်းStock နှင့် Store Keeper အလုပ်ကိုပါ လုပ်ကိုင်နိုင်ရမည်။ ငါးလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပြီး၊ ရိုးသားပြီး ကျန်းမာရေးကောင်းမွန်ရမည်။

၅။ အင်္ဂလိပ်စာအရေး၊ အပြော ကျွမ်းကျင် — **ကျား/မ (၁) ဦး**
Business Letterကို ကျွမ်းကျင်စွာရေးသားနိုင်သူဖြစ်ပြီး၊ နိုင်ငံခြားသားများနှင့် ကောင်းမွန်စွာ ပြောဆိုဆက်ဆံနိုင်သူဖြစ်ရမည်။

၆။ ငါးကုန်ကြမ်းအဝယ် — **ကျား/မ (၁) ဦး**
ရိုးသားကြိုးစားသွက်လက်ပြီး၊ အရည်အသွေးကောင်းမွန်သော ရေချို၊ ရေငန်ငါးများကို မှန်ကန်သောပေါက်ဈေးနှုန်းနှင့်ဈေးကွက်တွင်ဝယ်ယူနိုင်သူဖြစ်ရမည်။ လိုအပ်လျှင် ထွက်ရှိသောဒေသသို့ သွားရောက်ရမည်။ လုပ်ငန်းကျွမ်းကျင်မှုကို မူတည်၍ လစာပေးမည်။

၇။ ယာဉ်မောင်း — **ကျား (၂) ဦး**
ကားကြီး၊ ကားငယ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး၊ Auto ကားပါ မောင်းနှင်နိုင်၍ ကားစက်ပြင် အတွေ့အကြုံရှိပြီး လိုအပ်လျှင် နံနက်စောစော ငါးဈေးဆင်းနိုင်ရမည်။ ကားမောင်းသက်တမ်းအနည်းဆုံး (၂)နှစ်ရှိရမည်။

လုပ်ငန်းကျွမ်းကျင်မှုအတွေ့အကြုံနှင့် ရိုးသားကြိုးစားမှုပေါ်မူတည်၍ Attractive Salary ပေးမည်။ လိုအပ်လျှင် Car/ Handphone/ Facilityနှင့် နေရာထိုင်ခင်း စီစဉ်ပေးမည်။ အမှတ်စဉ်(၁)၊(၂)နှင့်(၅)အတွက် Export & Import(Trading) အတွေ့အကြုံရှိသူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် (ငါး လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။) လျှောက်ထားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း(အမှတ်–၂၆၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်)သို့ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံ(၃)ပုံ၊ ပညာအရည်အချင်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ကျေးဇူးရှင်ဖခင်အတွက်
ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၃ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၄)ဖြင့် ထုတ်ပြန်ထားသော လူမှုထူးချွန်(ပထမဆင့်)တံဆိပ်ကို တပ်မတော်မှတ်တမ်းရုံးမှ ဒုတိယအရာခံဗိုလ်ထွန်းမင်း ရရှိသဖြင့် ကျေးဇူးရှင်ဖခင်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ချစ်သား ကိုဉာဏ်
MANAGER
(J.J ENTERTAINMENT CITY)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

မင်္ဂလာဈေး ဝါတွင်းသံဃာ့ဒါန ဆွမ်းလောင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်ဝင်းအား နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန်(တတိယဆင့်) ချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ လူမှုအကျိုးများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဝင်းမြင့်နှင့်မိတ်ဆွေများ(မင်္ဂလာဈေး)။



ပုံမှန်ရေကူးသင်တန်းများ
တက္ကသိုလ်ရေကူးကန်(ဘွဲ့နှင်းသဘင်နောက်ကျော)
အင်းလျားလမ်း
ကျား/မ မရွေး ပိတ်ရက်မရှိ ဖွင့်လှစ်ထားသည်

ဆက်သွယ်ရန် ဖုန်း–၂၉၄၁၄၉(ရုံးချိန်အတွင်း) ကောင်းကောင်းစီးပွားရေးလုပ်ငန်းစု။

အမည်မှန်

ဦးစိုးမောင်၏သား အထက(၃)တောင်ဥက္ကလာ အဋ္ဌမတန်း(E)မှ မောင်ကျော်သီဟစိုး၏ အမည်မှန်မှာ မောင်ကျော်ဇေယျာစိုး ဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်ခြင်း

ဦးစံလှိုင်–ဒေါ်သိန်းကြည်တို့၏ သား မောင်အောင်ကြီးလှိုင်[၁၂/ပဇတ(နိုင်) ၀၁၀၁၈၉]အား ယနေ့မှစ၍ မောင်အောင်ကြီးလှိုင်(ခ)မောင်ထွန်းတင့်ဖြိုးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မောင်အောင်ကြီးလှိုင်(ခ)မောင်ထွန်းတင့်ဖြိုး။**



ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်း ၁၄၀/မြေကွက်နံပါတ် ၁၆၅၅ အမည်ပေါက် ဒေါ်စောကြည် ပိုင်မြေကွက်အား ပါမစ်မိတ္တူ လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

ဒေါ်စောကြည်
[၁၂/သဃက(နိုင်)၁၄၇၄၈၉]

ညှိနှိုင်းရောင်းမည်

စမ်းချောင်း၊ ညောင်တုန်းလမ်း၊ ၁၂ဒ'x၅၀'၊ ၆လွှာ၊Hall2 ၊ ဝရန်တာ၊ ပြတင်းသံပန်းပါ၊ မီးဖိုခန်းကြွေပြားပါ၊ အရှုပ်အရှင်းကင်း၊

၂၂၇၅၂၅(ပွဲစားမလို)

အမည်ပြောင်းခေါ်ပါရန်

အလက(၇) မော်လမြိုင် တတိယတန်း(က)မှ မောင်ဖြိုးတေဇာလင်း(ဘ) ဦးသန်းစိုးအား ယနေ့မှစ၍ မောင်ဖြိုးမောက်စိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးတင်ထူး(ခ)(ချင်လက်ကီး)[၁၂/လမန(နိုင်)၁၂၁၆၆၇]နှင့် ကျွန်မ ဒေါ်တင်တင်[၁၂/လမန(နိုင်)၁၁၂၈၉၃]တို့၏သားဖြစ်သူ မောင်ရဲအောင်သည် မိဘနှစ်ပါး စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်ငှင်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်ထူး(ခ)ချင်လက်ကီး
[၁၂/လမန(နိုင်)၁၂၁၆၆၇]
ဒေါ်တင်တင်
[၁၂/လမန(နိုင်)၁၁၂၈၉၃]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ အိမ်အမှတ် (မ–၄၁)နေ ဦးဝင်းမြ၏သားဖြစ်သူ မောင်သန့်ဇင်ဝင်း[၁၀/သဖရ(နိုင်) ၀၇၀၅၆၂]သည် မိဘနှင့်ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများအားလုံးဝတာဝန်မယူပါကြောင်း။

ဦးဝင်းမြ
[၁၀/သဖရ(နိုင်)၀၄၁၇၆၁]
မ(၄၁)စက်သစ်ရပ်ကွက်၊ သံဖြူဇရပ်မြို့။

မွေးစားသားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးကိုလေး အသက်(၈၀)သည် ဗိုက်ခွဲထားခြင်းကို ၎င်းမွေးစားသား မောင်ခင်မောင်အေး အသက်(၁၇)နှစ်သည် လုံးဝအရေးမထားဘဲ ၎င်းဆန္ဒအရ ၁၀–၁၂–၂၀၀၃ (ဗုဒ္ဓဟူး)နေ့ နေ့လယ်တွင် နေအိမ်မှဆင်းသွားပါ၍ မွေးစားသားအဖြစ် စွန့်လွှတ်လိုက်ပါသည်။

မွေးစားဖခင်– ဦးကိုလေး
NRC No PBE 123031
၇/၁၂၅ တညင်းကုန်းမြောက်ပိုင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်
စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်လားလူး(ခ)ခင်မောင်မင်းခိုင်[၁၂/ပဘတ(နိုင်)၀၁၃၆၉၄]သည် မိဘစကားနားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

မိခင်–ဒေါ်ခင်စိန်
အမှတ်–၁၂၉၊ လမ်း၃၀၊ရန်ကုန်။

စားကြမယ် ဟော့ ကောင်းကောင်း

လူမျိုးမရွေး၊ ဘာသာမရွေး၊ စားသုံးနိုင်သော ဈေးနှုန်း ချိုသာသော ဟင်းလျာ အမည် ကောင်းများရနိုင်သော မြိန်ရှက်သော အဆင့်မြင့် မြန်မာထမင်းဆိုင်ကို စခန်းသာဟိုတယ် ရန်ကုန်ဘူတာကြီးတွင် ဖွင့်လှစ်လိုက်ပါပြီ ---------

ကိုယ်တိုင်ကြိတ်မဆလာနှင့် ရောက်သီးမှုန့်၊ မြေပဲဆီသန့်ကို အသုံးပြုထားပါသည်။

(ဖုန်း-၂၄၉၅၁၈-၂၄၉၅၁၉-၂၅၃၁၁၁)

Nikko Institute of Beautification

* Hair Line, Skin Car, Hair-do' s & Make-up, Eyebrow Tattoo, Nailery, Hair Extension များကို ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေသည်။
* အခြေခံမှစ၍ ဆရာဖြစ်တတ်လိုသူများအတွက် စနစ်တကျသင်ပေးသည်။
* European နည်းစနစ်အတိုင်း International အဆင့်မီ တစ်ဆင့်ပြီးတစ်ဆင့် တတ်မြောက်အောင် ရှင်းလင်းပြတ်သားစွာ သင်ပေးမည်။
* အခြေခံတတ်ပြီးသူများနှင့် ဆိုင်ဖွင့်နေသူများအတွက် ဘာသာအလိုက် မွမ်းမံသင်တန်းနှင့်ရက်တို (Special Course) နှင့် နည်းစနစ်အသစ် သင်တန်းများသင်ကြားပေးသည်။
* အမျိုးသား၊ အမျိုးသမီး အသက်အရွယ် ပညာအရည်အချင်း ကန့်သတ်မထားပါ။
* အလုအပနှင့်ပတ်သက်၍ Experience နှင့် ဗဟုသုတကြွယ်ဝကျွမ်းကျင်သော Nikko Nu Nu ကိုယ်တိုင်ဦးစီး၍ သင်ကြားပေးနေသည်။
* အသေးစိတ်သိလိုသူများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(သင်တန်းလျှောက်လွှာများလက်ခံနေပြီ)

Nikko Institute of Beautification & Nikko Beauty Salon
No. 160, 3rd Floor, M.G.M Hotel, Wardan Street, Lanmadaw Tsp., Yangon.
Ph: 01-221342, 01-705870, E-mail: nnn @ mptmail.net.mm

မိတ်ဟောင်းမိတ်သစ်များအတွက် အထူးအစီအစဉ် **15 % OFF**

* ခန္ဓာကိုယ်အဆီကျ ကျစ်လျစ်လှပလိုသူများအတွက် Nikko မှ တာဝန်ယူပြုလုပ်ပေးနေသည်။
* (၃)ရက်အတွင်း ဝမ်းဗိုက်အဆီကို ၂လက်မကျအောင် ဆောင်ရွက်ပေးနိုင်သည်။
* ခန္ဓာကိုယ်တစ်ခုလုံးရှိ အဆီနှင့် အလေးချိန်ကျလိုသူများအတွက် (၁၀)ရက်အတွင်း Special ပြုလုပ်ပေးသည်။
* ခန္ဓာကိုယ်အလေးချိန်အလိုက် Course သတ်မှတ်ပေးသည်။ (၁၀-၁-၂၀၀၄) to (၉-၂-၂၀၀၄)

Learn English

Grammar
(Pre & Advanced)
Vocabulary,
Spoken English
G.C.E, TOEFL,IELTS
Phone: 501772

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဘ/ ၉၆၅၆မော်တော် ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညနတိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အဦးနှင့်မြေကွက်များ

ခြံစတော်အိမ်ရာစီမံကိန်းကော်မတီ၏လမ်းညွှန်မှုနှင့် အကောင်းအတည်ဆောင်ရွက်နေသည့် တက်လင်း/ထွေကီးနှင့်ဆောက်လုပ်ရေးကုမ္ပဏီမှ

၁၀-၁-၀၄ မှ ၃၀-၁-၀၄ အထိ ဦးရာလုစနစ်ဖြင့် ရောင်းချပေးပါမည်။

နယ် မှ စီး ပွား ရေး ကုန် သည် များ အ တွက် သ တင်း ကောင်း





၇။ Sanitary စီစွာနေမှ

"ရောင်း နိုင် မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"



Special Promotion

Queen Star Computer Center မှစန်နဝါရီလတစ်လလုံးအတွက် အထူး Promotion Package များထပ်မံဖြုတ်လုပ်ထားပါ၍ နေ့စဉ် (10 a.m) မှ (5 p.m) အထိ မည်သူမဆိုကြွရောက်ကြည့်ရှုလေ့လာနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်။ ဝယ်ယူအားပေးကြသော လူကြီးမင်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ဆက်သွယ်ရန် ။ အမှတ်–၁၊ ပုဇွန်တောင်ကျောင်း၊ ဗားကရာလမ်း၊ ဓမ်းရေချောင်း။

Ph : 502801, 505278, 539151

ဆေးနှင့်ဆေးဆိုင်ရာရောင်းဝယ်ရေး
မျက်မှန်ကျွမ်းကျင် (အခြေခံစာ) ဝန်ထမ်းများညီစီးသော
နိုင်ငံတကာအဆင့်မီ

မြန်မာမျက်မှန်

အမှတ် – ၂၃၃/၂၃၅ ရွှေတိဂုံ (အလယ်) လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အထူးဈေးရောင်းပွဲတော်ရက် တိုးမြှင့်ခြင်း

ယခင်ရောင်းဈေးပေါ်တွင် ၁၀ % မှ ၅၀ % အထိ
လျှော့၍ ရောင်းချပါမည်။

ဈေးရောင်းပွဲတော်တိုးမြှင့်ကာလ ❖ ၁၁–၁–၂၀၀၄ မှ ၁၆–၁–၂၀၀၄ ထိ
ရောင်းချမည့်ပစ္စည်းများ
❖ ပါဝါမျက်မှန်များ
❖ နေကာမျက်မှန်များ
❖ မျက်စိကပ်မှန်နှင့် မျက်ကပ်ဆေးများ

☎ – ၃၇၇၆၀၀

ဝယ်ယူအားပေးသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ဝန်ထမ်းအမြန်အလိုရှိသည်

